ကတညုတာ ဇေတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၄၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ များအစည်းအဝေးကျင်းပ အကြံပြုစာတမ်းများ ဖတ်ကြားဆွေးနွေးတင်ပြ

ရှင်းလင်းမှုကြား

ဇွန် ၃ ရက်က အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းမှာကြားစဉ်။ (သတင်း-၃)(သတင်းစဉ်)

ရန်ကုန် ဇွန် ၃

အမျိုးသားညီလာခံကျင်းပရေးအစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တို့သည် စာတမ်းများ ဖတ်ကြားတင်ပြခြင်းတို့ကိုလည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့တို့သည် သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးခြင်းတို့ကိုလည်းကောင်း ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသည့် ဆွေးနွေးပွဲခန်းမများ၌ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

ပေါင်မြို့နယ် ကတိုက် ရေလှောင်တမံ

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ ကတိုက်ချောင်းပေါ်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်လျက်ရှိသည့် ကတိုက်ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။(အောက်ပုံ) ကတိုက်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေထိန်းမျှော်စင်တည်ဆောက်ပြီးစီးမှု အခြေအနေကို မေ ၁၀ ရက်က တွေ့ရစဉ်။(ယာပုံ)

(ကတိုက်ရေလှောင်တမံစီမံကိန်းပြီးစီးပါက ပေါင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ကို ရေပေးဝေနိုင်မည်ဖြစ်သည်။) ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇွန်လ ၄ ရက်)

ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထာဝရ ဦးထိပ်ထား ပြည်ထောင်စုစိတ်ဓာတ် ခိုင်ကျည်မြဲမြံရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံ တကာနှင့် ရင်ပေါင်တန်းနိုင်စေရေးအတွက် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထာဝရ ဦးထိပ်ထား ခံယူဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်လျှင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ရာတွင် ပြည်နယ် ပြည်မ၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တစ်သွေးတည်း၊ တစ်သားတည်း၊ တစည်းတလုံးတည်း၊ တညီတညွတ်တည်း စည်းလုံးညီညွတ်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် ခိုင်ကျည်မြဲမြံရေးတို့သည် အသက်တမျှအရေးပါလျက် ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အမျိုးသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သဖြင့် ယခုအခါ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်း ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်နှင့်အတူ လက်တွဲ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းလက်တွဲဆောင်ရွက်မှုဖြင့် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေဖြစ်သော မူးယစ်ဆေးဝါးအန္တရာယ်ကို တွန်းလှန်တိုက်ဖျက်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီး ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသကို ဘိန်းလုံးဝကင်းစင်သောဒေသအဖြစ် ကမ္ဘာသို့ ကြေညာနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရက အဆိုပါဒေသများတွင် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေး ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့်အတူ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ငွေကြေးအမြောက်အမြားအကုန်အကျခံကာ ဖြည့်ဆည်းပေးနေသည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်တို့ကို အချိတ်အဆက်မိမိ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်ရာ ပြည်ထောင်စုကြီးအတွင်း စုဝေးနေထိုင်ကြသည့် တိုင်းရင်းသားများအနေဖြင့် အမျိုးကိုစောင့်ရှောက်လိုသော၊ အမျိုးကိုချီးမြှောက်လိုသော မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံပြီး ဖြစ်ထွန်းလာသော ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရ မွေးမြူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထာဝရဦးထိပ်ထားကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်ကျည်မြဲမြံရေး တက်ညီလက်ညီ ကြိုးပမ်းတည်ဆောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၄–၆–၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Banking (ပြည်သူ့ရေးရာ၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ–ပထမနှစ်)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း–၂၈)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၂၃)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တိုင်းရင်းသားပြည်သူတို့၏အကျိုးရှေးရှု၍ တည်ထောင်ဖွင့်လှစ်ထား တက္ကသိုလ်၏ရည်ရွယ်ချက်များ အကျေပွန်ဆုံးထမ်းဆောင်နိုင်ရန်ကြိုးစား

ရန်ကုန် ဇွန် ၃

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် မဟာပညာရေးဘွဲ့သင်တန်း၊ ပညာရေးဘွဲ့တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူး နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်း၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်းနှင့် အလယ်တန်း ဆရာအတတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းဖွင့် သြဝါဒစကားပြောကြားရာတွင် **(အပေါ်ပုံ)** နိုင်ငံတော်အစိုးရက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို တိုင်းရင်းသားပြည်သူတို့၏အကျိုးကို ရှေးရှု၍ မွန်မြတ်သောရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ တက္ကသိုလ်၏ ရည်ရွယ်ချက်များကို မောင်တို့မယ်တို့၏ ရည်မှန်းချက်တာဝန်များအဖြစ် ခံယူ၍ အကျေပွန်ဆုံး ကြိုးပမ်းထမ်းဆောင်နိုင်အောင် ကြိုးစားကြရန် မှာကြားလိုကြောင်း၊ နယ်စပ်ဒေသများတွင် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာအောင်ရည်ရွယ်၍ တိုင်းရင်းသားလူငယ်များကို နှစ်စဉ် ရွေးချယ်ခေါ်ယူပြီး တက္ကသိုလ်တွင် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေးသိပ္ပံကာလက သင်တန်းဆင်းများကိုလည်း အဆင့်လိုက်တက်ရောက်နိုင်သည့် သင်တန်းများဖွင့်လှစ်ပြီး အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားများအကြား မှန်ကန်သည့် အတွေးအခေါ်များရရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ပြန့်ပွားနေအောင် မောင်တို့မယ်တို့က ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်၏ သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် မောင်တို့မယ်တို့အနေဖြင့် တက္ကသိုလ်က ပျိုးထောင်ပေးသည့် စည်းကမ်းနှင့် အလေ့အကျင့်ကောင်းများကို ကောင်းစွာခံယူကြရန်၊ တက္ကသိုလ်ကပို့ချပေးသည့် ပညာရပ်များကို ကြိုးစားသင်ယူကြရန်နှင့် နိုင်ငံတော်က မျှော်လင့်အားထားယုံကြည်ရသည့် နိုင်ငံ့အကျိုးကို ကိုယ်ကျိုးစွန့် ထမ်းရွက်နိုင်သည့် သားကောင်းသမီးမွန်များဖြစ်အောင် ကြိုးပမ်းထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

အစီရင်ခံစာတင်သွင်း

ဆက်လက်၍ ဒုတိယပါမောက္ခချုပ်(စီမံ) ဒုတိယဗိုလ်မှူးကြီးညီညီစံက သင်တန်းနှင့်ပတ်သက်သော အစီရင်ခံစာကို တင်သွင်းသည်။

ဆုချီးမြှင့်

ထို့နောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ၂၀၀၃–၂၀၀၄ခု ပညာသင်နှစ် စံပြတပ်ခွဲဆုရ ဘုရင့်နောင်တပ်ခွဲအား ဆုချီးမြှင့်သည်။

တက်ရောက်သင်ကြား

၂၀၀၄–၂၀၀၅ ခု ပညာသင်နှစ်တွင် မဟာပညာရေးဘွဲ့(ပထမနှစ်)သင်တန်းသို့ သုံးဦး၊ မဟာပညာရေးဘွဲ့(ဒုတိယနှစ်)သင်တန်းသို့ လေးဦး၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်းသို့ ၅၅ဦး၊ ပညာရေးဘွဲ့ပေါင်းကူး နှစ်နှစ်သင်တန်းသို့ ၁၁၀၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်းသို့ ၁၇၅ဦး၊ အလယ်တန်းဆရာအတတ်သင်တန်းသို့ ၅၁ ဦး၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်းများဖြစ်ကြသည့် သင်တန်းအမှတ်စဉ်(၃၆)သို့ ၂၆၀၊ သင်တန်းအမှတ်စဉ်(၃၇)သို့ ၂၅၇ဦး၊ သင်တန်းအမှတ်စဉ်(၃၈)သို့ ၂၆၀ နှင့် သင်တန်းအမှတ်စဉ်(၃၉)သို့ ၂၅၁ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၄၂၆ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ကောင်စီခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက သိကောင်းစရာများကို ဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ဟောပြော

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေးအဖွဲ့ကကြီးမှူး၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ကောင်စီခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ပါမောက္ခ ဒေါက်တာဒေါ်မေမေရီဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့်ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ ပညာရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်ဒေါ်ဝင်းရွှေနှင့် ဒေါ်မာလာသိန်း၊ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ပညာရေးတက္ကသိုလ်၊စီးပွားရေးတက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ဗီဒီယိုဆလိုက်ဖြင့်အသေးစိတ်ရှင်းလင်းဟောပြောသည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာကြသူများက သိလိုသည်များကိုမေးမြန်းကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပြန်လည်ဖြေကြားသည်။

လက်ဆောင်ပေး

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအားရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဖေမောင်သန်းက အမှတ်တရလက်ဆောင်ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေကဟောပြောပွဲတက်ရောက် လာသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၆-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၁၅ ၈။ ဘော်ဘင်ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၂၅ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၃၅ ၈။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၉။ မြန်မာစာမြန်မာစကား
- ၁၈:၀၀ ၁၀။ ပန်ကွမ်းလက်ဖက်နတ်သစ်ရွက်
- ၁၈:၁၀ ၁၁။ Discovery
- ၁၈:၂၀ ၁၂။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၂၈)
- ၁၉:၃၀ ၁၆။ ဖွံ့ဖြိုးမှုဝေ မနောမြေ (အပိုင်း-၂)
- ၁၉:၄၀ ၁၇။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **"မိုးလေးတဖွဲဖွဲ"**(အပိုင်း-၂) (လူမင်း၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-ဟိန်းစိုး)

ညောင်နှစ်ပင်မော်ကွန်း

❒ သမိုင်းတစ်ခု အတူပြုဖို့
စုစုဝေးဝေး အမျိုးသားရေးအတွက်
ဆွေးနွေးတိုင်ပင် ညောင်နှစ်ပင်သည်
နောင်တွင် မော်ကွန်းတင်လိမ့်မည်---။

❒ တို့ရေ တို့မြေ တို့အမွေကို
တို့တွေပိုင်ဆိုင် မယိမ်းယိုင်ဖို့
နိုင်ငံ့အနာဂတ် ဂုဏ်ဒြပ်ရှိရှိ
ကမ္ဘာသိအောင်
တိကျမှန်ကန် ညီလာခံမှာ
နိုင်ငံ့အကျိုး ဝိုင်းသယ်ပိုးလော့---။

❒ ပွင့်ပွင့်လင်းလင်း စေတနာအရင်းခံ
ဝေဖန်ထောက်ပြ ညှိနှိုင်းကြလော့---။

❒ မြန်မာ့ရှေ့ရေး စိတ်အေးချမ်းသာ
နှစ် ရာ ထောင်သောင်း မပြောင်းမလဲ
ခိုင်မြဲစေရန် အခြေခံမူ
ဆန္ဒတူမျှ ရေးဆွဲကြလော့---။

❒ တိုင်းပြည်မျက်နှာ တစ်ခုသာကြည့်
ဝါဒမကွဲ ငါအစွဲမရှိ
ပကတိဖြူစင်
အကောင်းမြင်သမျှ တင်ပြကြလော့---။

❒ သမိုင်းတစ်ခု အတူပြုဖို့
စုစုဝေးဝေး အမျိုးသားရေးအတွက်
ဆွေးနွေးတိုင်ပင် ညောင်နှစ်ပင်သည်
နောင်တွင် မော်ကွန်းတင်လိမ့်မည်---။ ။

(အမျိုးသားညီလာခံအားဂုဏ်ပြုလျက်။)

ဟဿာတမြင့်ငွေ

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး ဆပ်ကော်မတီများက လုပ်ငန်းတာဝန်များ ကျေပွန်စွာဆောင်ရွက်ရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လွန်းမောင်ဆွေးနွေးမှာကြား

ရန်ကုန် ဇွန် ၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းစည်းဝေး

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဗိုလ်မှူးသန်းဌေးက ဆောင်ရွက်သည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်

ထို့နောက် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့်လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့နှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေး တင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရေးနှင့် အခက်အခဲများရှိပါက အချိန်မီတင်ပြကြရေးတို့ကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းတည့်၁၂နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အီရတ်နိုင်ငံ၏လုံခြုံရေး တစ်စတစ်စ ယိုယွင်းပျက်စီးလာမှု

အိန္ဒိယနိုင်ငံက စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြား

နယူးဒေလီ ဇွန် ၂

အီရတ်နိုင်ငံ၏ အဓိကနေရာများတွင် လုံခြုံရေးအခြေအနေ တစ်စတစ်စ ပျက်စီးယိုယွင်းလာခြင်းကို အိန္ဒိယနိုင်ငံက စိုးရိမ်ပူပန်မိကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့သည်။

မိမိတို့သည် ဘာသာရေးခံယူချက်များနှင့် ယဉ်ကျေးသိမ်မွေ့သော ပြည်သူများကို ထိခိုက်မှုမရှိရေး၊ လေးစားသမှုပြုရန် အလွန်အရေးကြီးသော လိုအပ်ချက်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

စိုးရိမ်ပူပန်

ဆုတောင်းမှုပြုလုပ်ရာနေရာများနှင့် ထင်ရှားသော ယဉ်ကျေးမှုဆိုင်ရာ အဆောက်အုံနေရာများတွင် တိုက်ခိုက်မှုများ ဖြစ်ပွားနေသဖြင့် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ပျက်စီးယိုယွင်းလျက်ရှိသည်ကို စိုးရိမ်ပူပန်မိကြောင်း အိန္ဒိယအစိုးရက မှတ်ချက်ပြု ပြောကြားခဲ့သည်ဟု ၎င်းပုဂ္ဂိုလ်က ပြောသည်။ လွန်ခဲ့သောသီတင်းပတ်က နာဂျက်ဖ်မြို့၌ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံတစ်ခုကို စိန်ပြောင်းကျည်တစ်လုံး ထိမှန်မှုကြောင့် လူခုနစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ပျက်စီးယိုယွင်း

အီရတ်နိုင်ငံတွင် မကြာသေးမီက အဖြစ်အပျက်များသည် လူသားချင်းစာနာမှုနေရာများ တိုးပွားလာခြင်းကြောင့် အီရတ်လုံခြုံရေးအခြေအနေ ပျက်စီးယိုယွင်းမှုဖြစ်လာခဲ့ရသည်ဟု ကျွမ်းကျင်သူများက ထောက်ပြပြောဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ

ငိုကြွေး

ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲခဲ့ရာတွင် သေဆုံးသူ ဆွေမျိုးသားချင်းများအတွက် ငိုကြွေးနေသော အီရတ်အမျိုးသမီးတစ်ဦးကို ဇွန် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ ကန်နှင့်အပေါင်းပါတို့၏ အစိမ်းရောင်နယ်မြေ

ပေါက်ကွဲမှုများဖြစ်ပွားပြီး မီးခိုးလုံးများဖြင့် ဖုံးလွှမ်းနေ

ဘဂ္ဂဒက် ဇွန် ၂

ဇွန် ၃၀ ရက်တွင် အီရတ်အစိုးရအဖွဲ့အား အချုပ်အခြာအာဏာ လွှဲပြောင်းပေးရန်အတွက် အစိုးရအဖွဲ့တွင်ပါဝင်မည့်သူများ၏ အမည်များကို ရွေးချယ်အစည်းအဝေးပြုလုပ်သည့် အမေရိကန်နှင့်အပေါင်းပါ ဌာနချုပ်ရှိ အစိမ်းရောင်နယ်မြေတစ်ဝိုက်တွင် ဗုံးပေါက်ကွဲမှုများ အင်္ဂါနေ့က ဖြစ်ပွားရာ မီးခိုးလုံးများ ဘဂ္ဂဒက်မြို့ပေါ်တွင် ဖုံးလွှမ်းလွင့်တက်လျက်ရှိသည်။

အဆိုပါ အစိမ်းရောင်နယ်မြေတွင် အမေရိကန်တို့က လုံခြုံရေးထူထပ်စွာချထားကာ အမေရိကန်၊ ကုလသမဂ္ဂနှင့် အီရတ်ထိပ်တန်းအရာရှိများ အစည်းအဝေးပြုလုပ်ရာ နေရာလည်းဖြစ်သည်။

ပုံမှန်ပစ်ခတ်

အဆိုပါပေါက်ကွဲမှုများမှာ မိနစ် ၂၀ ခန့်ကြာပြီး အခြားပေါက်ကွဲမှုများကိုလည်း ကြားနေရကြောင်း သိရသည်။ ယင်းသို့ဖြစ်ပွားရခြင်းမှာ အီရတ်ပြောက်ကျားတို့က အဆိုပါအစိမ်းရောင်ဒေသသို့ စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် အမြဲတမ်းလိုလို ပုံမှန်ပစ်ခတ်တိုက်ခိုက်နေခြင်းကြောင့်ဖြစ်ကြောင်း၊ သို့သော်လည်း ထိုသို့ပစ်ခတ်မှုကြောင့် ပျက်စီးထိခိုက်မှုမှာ သိပ်မရှိကြောင်းသိရသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ

အီရတ်၌သေဆုံးသောကန်တပ်ဖွဲ့ဝင်ဦးရေ ၈၁၀ ရှိပြီ

ဘဂ္ဂဒက် ဇွန် ၃

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ၂၀၀၃ ခုနှစ် မတ်လ၌ စစ်ပွဲစတင်ဆင်နွှဲခဲ့ရာတွင် ၂၀၀၄ ခုနှစ် ဇွန်လ ၂ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်အထိ အီရတ်၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် နေ့စဉ်နီးပါးမျှ သေဆုံးရလျက်ရှိသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂ ရက် ဗုဒ္ဓဟူးနေ့ ရောက်ချိန်၌ အီရတ်တွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၁၀ ဖြစ်သည်။ ယင်းအနက် ၅၉၄ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၂၁၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာန ပြောကြားချက်အရ သိရသည်။

၂၀၀၃ ခုနှစ် မေ ၁ ရက်၌ သမ္မတဘုရှ်က စစ်ပွဲကြီးပြီးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၆၇၂ ဦးဖြစ်ပြီး ယင်းအနက် ၄၈၅ ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်၍ ၁၈၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာက ဗုဒ္ဓဟူးနေ့၌ ထုတ်ပြန်ချက်အရ သိရသည်။

စစ်ပွဲစတင်ခဲ့သည်မှ တိုက်ပွဲတွင်ဒဏ်ရာရခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၈၈၂ ဦးဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ပွေ့ချီလာ

ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် ဇွန် ၂ ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်ရာ၌ ဒဏ်ရာရခဲ့သောသားဖြစ်သူအား ဖခင်ဖြစ်သူက ဆေးရုံသို့ ပွေ့ချီလာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားကိစ္စ သတင်းမှားများပေးခဲ့မှု

အမေရိကန်ကို ဩစတြေးလျဝန်ကြီးချုပ် ပြစ်တင်

ဝါရှင်တန် ဇွန် ၂

အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်ပြီး သတင်းမှားများပေးခဲ့မှုအတွက် ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က အမေရိကန်နိုင်ငံကို ပြစ်တင်လျက်ရှိကြောင်း သိရသည်။

အဆိုပါကိစ္စကို အမေရိကန် သမ္မတနှင့် ဝါရှင်တန်မြို့၌ ၎င်းတွေ့ဆုံ ပါက ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း ဂျွန်ဟောင်းဝပ်က ပြောကြားခဲ့သည်။ အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုကို ဩစတြေးလျ ပါလီမန်တွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ယင်းကိစ္စကြောင့် အစိုးရအဖွဲ့ကို ထိခိုက်လာမည့် အလားအလာများကို လျော့ချကန့်သတ်နိုင်ရန် ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က ကြိုးစားလျက်ရှိသည်။

စုံစမ်းမည်

အီရတ်အကျဉ်းထောင်ကိစ္စနှင့်ပတ်သက်ပြီး အတိအကျမသိရှိခဲ့ရခြင်းကို အပြည့်အဝ စုံစမ်းသွားမည်ဖြစ်ကြောင်း အစိုးရက ပြောကြားခဲ့ပြီး ကာကွယ်ရေးဝန်ကြီးကလည်း အဆိုပါကိစ္စကို တောင်းပန်ခဲ့သည်။

(စီအင်န်အင်န်)

ဘရော့ဘင်အင်တာနက် အသုံးပြုသူ ဦးရေ ဂျပန်နိုင်ငံတွင် ၁၅ သန်းအထိရှိလာ

တိုကျို ဇွန် ၂

ဂျပန်နိုင်ငံ၌ အလွန်မြန်သော ဘရော့ဘင်အင်တာနက်ဆက်သွယ်ရေးလုပ်ငန်းအသုံးပြုရန် စာရင်းပေးသွင်းသောအရေအတွက်သည် ဧပြီလကုန်အထိ ၁၅ သန်းရှိသွားပြီဖြစ်ကြောင်း တနင်္လာနေ့က အစိုးရအကြီး သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် ဘရော့ဘင်အသုံးပြုသူအရေအတွက်သည် ယခင်နှစ် မေလကုန်က ၁၀ သန်းရှိရာမှ ၁၁ လအတွင်း တစ်ဆခွဲခုန်တက်လာခဲ့သည်ကို တွေ့ရကြောင်း အထက်ဖော်ပြပါ ကိန်းဂဏန်းက ညွှန်ပြနေသည်။

ဘရော့ဘင်အသုံးပြုသူ အရေအတွက် ခုန်တက်လာခြင်းမှာ ဆက်သွယ်ရေးနှုန်းထားများ ကျဆင်းလာခြင်းကြောင့်ဖြစ်သည်ဟု လုပ်ငန်းကျွမ်းကျင်သူများက ဆိုသည်။ ဂျပန်နိုင်ငံ၏ အိမ်ထောင်စုဝင် သုံးပုံတစ်ပုံသည် အင်တာနက် အသုံးပြုလျက်ရှိပြီး အမေရိကန်ပြီးလျှင် ဂျပန်နိုင်ငံသည် ဘရော့ဘင် အသုံးပြုမှု ဒုတိယအများဆုံးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

4-6 (04).p65 1 03/24/1905, 11:11 PM

အီရတ်အစိုးရ၏ခေါင်းဆောင်သစ်များအား ကိုဖီအာနန်ထောက်ခံ အီရတ်ခေါင်းဆောင်များ ကုလလုံခြုံရေးကောင်စီနှင့်ညှိနှိုင်းရန် မျှော်လင့်

ကုလသမဂ္ဂ ဇွန် ၂

ဇွန် ၃၀ ရက်၌ အုပ်ချုပ်ရေးလွှဲပြောင်းယူမည့် အီရတ်အစိုးရ၏ခေါင်းဆောင်သစ်များကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က အင်္ဂါနေ့၌ ထောက်ခံလိုက်သော်လည်း လုပ်ငန်းစဉ်ပြည့်စုံမှုမရှိကြောင်း ဝန်ခံသဘောတူလိုက်သည်။

အီရတ်အစိုးရသစ် ခေါင်းဆောင်များကို အီရတ်အုပ်ချုပ်ရေးကောင်စီဝင် ၂၅ ဦးက ရွေးချယ်ခဲ့ပြီးနောက် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဟန်မပျက်ရှိခဲ့ကြသည်။

ရွေးချယ်

ယခုအခါ အဓိကပြဿနာမှာ အီရတ်အုပ်ချုပ်ရေးကောင်စီက ရွေးချယ်သည့် ခေါင်းဆောင်သစ်များနှင့် ဝန်ကြီးများကို အီရတ်တို့လက်ခံခြင်းရှိ မရှိပင်ဖြစ်ကြောင်း မစ္စတာအာနန်က ပြောကြားသည့်ပြင် အီရတ်ခေါင်းဆောင်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ညှိနှိုင်းတိုင်ပင်မှု ရှိမည်ဟု မျှော်လင့်ထားကြောင်းလည်း ပြောကြားလိုက်သည်။

တရားဝင်

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အီရတ် ကြားဖြတ်အစိုးရကို နိုင်ငံတကာဆိုင်ရာ တရားဝင်မှုကိုပေးမည့် အမေရိကန်နှင့် ဗြိတိသျှတို့ရေးဆွဲသော ဆုံးဖြတ်ချက်မူကြမ်းကို ပြဋ္ဌာန်းမည့် အလားအလာရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာအရေးကိစ္စများဖြေရှင်းရာ၌ ကုလပိုတာဝန်ယူရန် မလေးရှားဝန်ကြီးချုပ် ဘာဒါဝီ တိုက်တွန်းပြောကြား

ကွာလာလမ်ပူ ဇွန် ၂

နိုင်ငံတကာဆိုင်ရာအရေးကိစ္စများတွင် ကုလသမဂ္ဂ(ယူအင်)အနေဖြင့် ပိုမိုကြီးမားသောအခန်းကဏ္ဍမှ ဆောင်ရွက်သွားရန် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက အင်္ဂါနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

ကုလသမဂ္ဂ၌သာလျှင် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မှု၊ ငြိမ်းချမ်းရေးချိုးဖောက်မှု သို့မဟုတ် ကျူးကျော်ရန်စတိုက်ခိုက်မှုမှန်သမျှကို ဆုံးဖြတ်ဖြေရှင်းရန် တရားဝင် အမိန့်အာဏာရှိကြောင်း၊ မည်သည့်နိုင်ငံ၌မျှ ဤတရားဝင်လုပ်ဆောင်ပိုင်ခွင့် မရှိကြောင်း ကွာလာလမ်ပူ၌ ကျင်းပသော (၁၈)ကြိမ်မြောက် အာရှ–ပစိဖိတ် ဆွေးနွေးပွဲ၌ အဗ္ဗဒူလာက ပြောကြားသည်။

ဆုံးဖြတ်

နိုင်ငံတကာဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန် သို့မဟုတ် မူလအတိုင်းရှိစေရန်အတွက် လုပ်ဆောင်မည့် လုပ်ငန်းများကို ကုလသမဂ္ဂကသာလျှင် ဆုံးဖြတ်မည်ဖြစ်ကြောင်း အဗ္ဗဒူလာက ပြောကြားသည်။

ကြိုးပမ်းသင့်

ကမ္ဘာကြီးအနေဖြင့် ကုလသမဂ္ဂ၏ အားနည်းချက်များကို ပြုပြင်ရန်နှင့် ယင်း၏ အင်အားကိုခိုင်မာတောင့်တင်းစေရန်အတွက် အားထုတ်ကြိုးပမ်းသင့်ကြောင်း၊ ကမ္ဘာ့အဖွဲ့အစည်းကို အရေးမပါသော သြဇာအာဏာမရှိသော အခြေအနေသို့ ရောက်စေခြင်းထက် ကမ္ဘာကြီးသည် နိုင်ငံတကာဆိုင်ရာ အရေးကိစ္စများဖြေရှင်းရာတွင် ကုလသမဂ္ဂအဖွဲ့ကြီးကိုပင် မဖြစ်စေသင့်ကြောင်း အဗ္ဗဒူလာက ပြောကြားသည်။

ဤပိုင်ခွင့်ကို မိမိတို့ကိုယ်တိုင် မတန်မရာ တစ်ဖက်သတ်တောင်းဆိုမည်ဆိုလျှင် မိမိတို့သည် ကိုယ်ချင်းစာနာမှုကို ဆုံးရှုံးရမည့်ပြင် ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများ၏ ထောက်ခံမှုကိုလည်း ရမည်မဟုတ်ကြောင်း ဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရောမမြို့လယ်တွင် အီရတ်စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများက အီတလီနိုင်ငံသို့ အမေရိကန်သမ္မတ လာရောက်လည်ပတ်ခြင်းမပြုမီ နှစ်ရက်အလိုတွင် ဘုရှ်ပြန်သွားဆိုသော ကြွေးကြော်သံများအော်ဟစ်ကာ ဇွန် ၂ ရက်၌ ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်မြောက်ဘက်ရှိ ကန်အခြေစိုက်စခန်း၌ ကားဗုံးကွဲ လူ ၁၁ ဦးသေဆုံး၊ ကန်တပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရရှိ

တီကရစ်(အီရတ်) ဇွန် ၂

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်း အဝင်ဝတွင် အင်္ဂါနေ့က ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၁ ဦးသေဆုံးပြီး အခြားလူ ၂၀ နှင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၁၂ မိုင်အကွာရှိ ရေနံသန့်စင်ရေးမြို့ တစ်မြို့ဖြစ်သော ဘေးဂျီးမြို့အနီးရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ကားဗုံးခွဲတိုက်ခိုက်သူသည် အနက်ရောင် ဘီအမ်ဒဗလျူ အမျိုးအစား မော်တော်ယာဉ်ဖြင့် အမေရိကန် စစ်အခြေစိုက်စခန်းသို့ ဦးတည်မောင်းနှင်လာပြီး အဝင်ဝ၌ ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရတ်ရဲအရာရှိ ဆာဘတ်မာမွတ်က ပြောသည်။ မိမိသည် မီးလောင်နေသော ကားငါးစီးကို တွေ့ခဲ့ရကြောင်း၊ လူများမှာ နေရာတိုင်း၌ ပြန့်ကျဲလျက်ရှိကြောင်း ဝမ်းဗိုက်နှင့် ပေါင်တွင် ဒဏ်ရာရရှိခဲ့သည့် အသက် ၃၈ နှစ်အရွယ်ရှိ အမီယာ အစ်စမေးလ်က ပြောကြားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုသည် အီရတ်အစိုးရသစ် ကြေညာသောနေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အီရတ်အစိုးရသည် ဇွန် ၃၀ ရက်တွင် အမေရိကန်ဦးဆောင်သောအုပ်ချုပ်မှုမှ တရားဝင် အချုပ်အခြာအာဏာ လွှဲပြောင်းရယူမည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

နာဂျက်ဖ်မြို့ပြင်ရှိ ကူဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် အသင့်နေရာယူထားသော အီရတ်ပြောက်ကျား တစ်ဦးအား ဒုံးပစ်လောင်ချာ ကိုင်ဆောင်လျက် ဇွန် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ၌ကျင့်သုံးသည့် ကန်၏မူဝါဒ ပင်တဂွန်က အပြောင်းအလဲများပြုလုပ်

ဝါရှင်တန် ဇွန် ၂

အီရတ်နိုင်ငံသို့ အချုပ်အခြာအာဏာလွှဲပြောင်းပေးရန် နီးကပ်လာချိန်၌ အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က ၎င်းတို့ကျင့်သုံးနေသော မူဝါဒကို အပြောင်းအလဲများပြုလုပ်နေကြောင်း သိရှိရသည်။

အီရတ်ကြားဖြတ်အစိုးရအဖွဲ့ အမည်စာရင်းကြေညာပြီး မကြာမီ၌ ဘဂ္ဂဒက် တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လုံခြုံရေးအားနည်းမှုရှိကြောင်း ဖော်ပြနေသည်။ အမေရိကန်တို့ခန့်အပ်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီသည် ကြားဖြတ်အစိုးရအဖွဲ့ အမည်စာရင်းကြေညာပြီးနောက် ရုတ်တရက်နုတ်ထွက်ခဲ့ကြရာ ဤအချက်ကြောင့် အမေရိကန်တို့အနေဖြင့် အီရတ်လက်နက်ကိုင်များအား ထိုးစစ်ဆင်တိုက်ခိုက်ခြင်းမှ စီးပွားရေးဆိုင်ရာ အခြေခံများနှင့် အီရတ်ခေါင်းဆောင်ပိုင်းကို ကာကွယ်စောင့်ရှောက်ခြင်း လုပ်ငန်းသို့ လျင်မြန်စွာပြောင်းလဲခဲ့ရသည်။ သို့ရာတွင် အီရတ်ခေါင်းဆောင်များကို ကာကွယ်ရာသည် ခက်ခဲသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး လွန်ခဲ့သော အပတ်ကပင် အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အသတ်ခံခဲ့ရသည်။

နောက်ထပ် နည်းဗျူဟာတစ်ရပ်အနေဖြင့် နာဂျက်ဖ်မြို့တွင် ဆာဒါ၏ တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ တရားဝင်အားဖြင့် ဇွန်လ ၃၀ ရက်၌ အုပ်ချုပ်ရေးပြောင်းပေးမည်ဖြစ်သော်လည်း ယခုကပင် ကူးပြောင်းရေးလုပ်ငန်းစဉ် စတင်နေပြီဖြစ်သည်။

အီရတ်ပြည်သူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များအပေါ် ယုံကြည်မှုရှိလာပြီဆိုလျှင် အမေရိကန်တပ်ဖွဲ့များ မကြာမီ၌ အီရတ်နိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်သည်။ **(စီအင်န်အင်န်)**

ကမ္ဘောဒီးယား ကျန်းမာရေးလုပ်ငန်းများတိုးတက်

ဖနွမ်းပင် ဇွန် ၂

ကမ္ဘောဒီးယားနိုင်ငံသည် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ တိုးတက်လာမှုနှင့်အတူ လွန်ခဲ့သည့် နှစ် ၂၀ ကျော်ကပင် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းရပ်များ၌ အရေးပါသော တိုးတက်မှုများရှိလာပြီး သေဆုံးမှုနှုန်းလည်း ကျဆင်းခဲ့ကြောင်း ကျန်းမာရေးအရာရှိက တနင်္လာနေ့တွင် ပြောသည်။

လွှဲပြောင်းထားသော ဆေးရုံနှင့် ကမ္ဘောဒီးယားရှိ ဗဟိုကျန်းမာရေးဌာနသည် ဝေးလံခေါင်းပါးသောဒေသများတွင် နေထိုင်ကြသော ကမ္ဘောဒီးယားလူမျိုးများအား ကျန်းမာရေးဆိုင်ရာ ကုသမှုများ အသေအချာ ပေးဝေလုပ်ဆောင်ရေးအတွက် အချက်အခြာနေရာဖြစ်လာကြောင်း အသက်ရှင် ကျန်ရှိသော ကလေးများဆိုင်ရာ သုံးရက်ကြာညီလာခံအတွင်း ကမ္ဘောဒီးယား ဝါရင့်ဝန်ကြီးနှင့် ကျန်းမာရေးဝန်ကြီး ဟွန်ဆန်ဟွတ်က တနင်္လာနေ့တွင် ပြောသည်။

ကမ္ဘောဒီးယားလူဦးရေ ၈၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ဗဟိုကျန်းမာရေးဌာန စုစုပေါင်းအရေအတွက်သည် ၁၉၉၈ ခုနှစ်တွင် ၃၈၆ ခု ရှိရာမှ ၂၀၀၃ ခုနှစ်တွင် ၈၂၃ ခုအထိ တိုးတက်ခဲ့ကြောင်း၊ အဓိကခွဲစိတ်ကုသမှုနှင့်အတူ လွှဲပြောင်းဆေးရုံအရေအတွက်သည် ၁၉၉၈ ခုနှစ်တွင် သုံးခုရှိရာမှ ၂၀၀၃ ခုနှစ်တွင် ၁၅ ခုအထိ တိုးတက်ခဲ့ကြောင်း ဟွန်ဆန်ဟွတ်က ထပ်လောင်းပြောဆိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



ငိုကြွေး

ဘဂ္ဂဒက်မြို့၌ ဇွန် ၂ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူတစ်ဦး၏ ဖခင်နှင့် ၎င်း၏ သားငယ်တို့ ငိုကြွေးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရအီရတ်တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များကို မကျေမနပ်ပြောဆိုနေသည်ကို ဇွန် ၁ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံအင်တာနက်)

ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့တော်၌ ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိရာ ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော လမ်းကို ဇွန် ၁ ရက်နေ့က တွေ့ရစဉ်။ (ဓာတ်ပုံအင်တာနက်)

မြန်မာ့အလင်း အီရတ် မြင်ကွင်း

အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာတွင် ဒဏ်ရာရရှိသည့် အီရတ်ကလေးငယ် တစ်ဦးအား ဆေးကုသရန် ကူဖာမြို့ဆေးရုံသို့ ခေါ်ဆောင်လာသည်ကို ဇွန် ၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံအင်တာနက်)

မူးမေ့လဲကျ

ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက် ကွဲမှုဖြစ်ပွားပြီးသေဆုံး သွား သူတစ်ဦး၏ဆွေမျိုး တော်စပ်သူ အီရတ်အ မျိုး သ မီး တစ်ဦး မူးမေ့လဲကျသွားသည်ကို ဇွန် ၂ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များက နာဂျက်ဖ်မြို့ကို လေကြောင်းမှ တိုက်ခိုက်ခဲ့ သဖြင့် နေအိမ် ပျက်စီးသွားမှုကြောင့် ငိုကြွေးနေသည့် အီရတ်အမျိုးသမီးတစ်ဦးကို မေ ၂၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ အင်တာနက်)

တိုးတက်သစ်လွင်

မြန်ပြည်တစ်ခွင်

ပဲခူးတိုင်း ပဲခူးမြို့နယ်တွင် ဒေသခံတောင်သူ လယ်သမားများ စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ထားသော ပျဉ်ပုံကြီး ရေလှောင်တမံကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)



ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်တွင် တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ပေးထားသည့် ဝမ်ကောင်တံတားကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင် ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ ရွှေပြည်ကုန်းကျေးရွာတွင် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော ကျေးလက်အိမ်ရာတစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာတွင် ဒေသတွင်းကျေးရွာများသို့ သွားလာမှုလွယ်ကူစေရေး အတွက် ဖောက်လုပ်ပေးထားသော ဂဝံခင်းလမ်းမကြီးကို ဤသို့ ဖြောင့်ဖြူးစွာ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)

ဟားခါး အ ထ က

ချင်းပြည်နယ် ဟားခါးမြို့တွင် ဒေသခံ တိုင်းရင်းသားလူငယ်များ အခြေခံပညာ သင်ကြားနိုင်ရန် အတွက် တည်ဆောက်ပေးထားသည့် အမှတ်(၁) အခြေခံပညာ အ ထက် တန်း ကျောင်း ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–ပြန်/ဆက်)



ကြည့်ရှု စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်က ကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ရေစကြိုမြို့နယ်ရှိ ဆင်ဖြူရှင်တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၃

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ အဖွဲ့နာယကမြို့နယ် အတွင်းရှိ ဆရာတော်ကြီး ငါးပါးအား ရွာမအနောက်ရပ်ကွက် သောင်ပင်သာကျောင်းတိုက်၌ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို သြဂုတ်လ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် သင်္ကန်းတစ်စုံကျပ် ၁၈၀၀ ဖြင့် ဒေါ်စုစံ ဖူဂျီ ဓာတ်ပုံဆိုင် ၃၄ လမ်း၊ ရန်ကုန် ဖုန်း-၂၄၃၃၀၅၊ ကိုဘုန်းဇော် ဆီမီး ၉၉၀၀ အဖွဲ့ရုံး စုပေါင်းရုံးဝင်း၊ အင်းစိန် ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ နှင့်အဖွဲ့ အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အလှူရှင်များ ကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ရန် အဖွဲ့က စီစဉ်ထားကြောင်း သိရသည်။ (က-ပ)

■ *ကျောဖုံးမှ*

ကိုင်းမကျီး ကျေးရွာ အနီးရှိ ကိုင်းမကြီး ကျေးလက်ဆည်သို့ သွားရောက်ကြပြီး ဆည်အတွင်းရေဝင်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အနီးပတ်ဝန်းကျင် ကျေးရွာများမှဒေသခံတောင်သူများအားတွေ့ဆုံကာ အညာဒေသစိမ်းလန်းစိုပြည်ရေး အတွက် သစ်တောသစ်ပင်များ ထိန်းသိမ်းစောင့်ရှောက်ကြရေး၊အရိပ်ရအပင်များ တိုးချဲ့စိုက်ပျိုးရေးမှာကြားသည်။

အဆိုပါ ကိုင်းမကြီးကျေးလက်ဆည်သည် အလျားပေ ၁၂၀၀၊ အနံ ၁၂ပေ၊ အမြင့်ပေ ၃၀ဖြစ်သည်။ ရေလှောင်နိုင်မှုပမာဏမှာ ဧကပေ ၃၀၀ ဖြစ်ပြီး အကျိုးပြုဧကမှာ ၁၅၀ဖြစ်သည်။ အဆိုပါဆည်သည် မိုးတွင်းကာလ ရှင်မတောင်မှ စီးဆင်းလာသောရေကို သိုလှောင်နိုင်ရန် တည်ဆောက်ထားသော ကျေးလက်ဆည်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ပခန်းကြီး- တမာတန်း-မင်းရွာ ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး အတွက် အရိပ်ရသစ်ပင်များစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ကြရာ နံနက် ၁၁ နာရီတွင် ရေစကြိုမြို့နယ် မင်းရွာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ၅ပေ x ၆ပေ အကျယ်၊ အရှည်ပေ ၁၁၆၀၀ရှိ ပင်မမြောင်းမကြီးနှင့် လက်တံတူးမြောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ဧက ၃၀၀၀ ရေပေးမည်

အဆိုပါ မင်းရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် မင်းရွာ အနီးရှိ ကျေးရွာများမှ လယ်မြေနှင့် ယာမြေဧက ၃၀၀၀ကို ရေပေးဝေရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် ရေစကြိုမြို့နယ် မင်းရွာမှ ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာသို့ ချင်းတွင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ကားလမ်းနှင့် ရထားလမ်းကူး ဆင်ဖြူရှင်တံတား၏ ကြံ့ခိုင်မှုအခြေအနေနှင့် ချင်းတွင်းမြစ်၏ ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြီးရေရှည် အသုံးပြုနိုင်ရန် ဂရုတစိုက်ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမင်းနှင့် တာဝန်ရှိသူများက တွင်းကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှိ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊နွေစပါးရေပေးဝေနိုင်မှုအခြေအနေ၊ ဓာတ်အားလိုင်းတပ်ဆင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

မြစ်ရေတင်စီမံကိန်းစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မြစ်ရေတင် စီမံကိန်း၏ ရေငြိမ်ကန် ပင်မ မြောင်းမကြီးတစ်လျှောက် ရေသွားလမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စီမံကိန်းရှုရပ်မှ ချင်းတွင်းမြစ်ရေအား ရေစုပ်စက်ဖြင့် စုပ်တင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ပရိမ္မစံပြကျေးရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရေး မှာကြားကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁ နာရီတွင် မြင်းမူမြို့သို့ ရောက်ရှိကြပြီး မြင်းမူမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ အမှာစကား ပြောကြားသည်။

လယ်ယာသုံးစက်ပစ္စည်းအသုံးပြု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရမည်ဟု သတ်မှတ်လုပ်ကိုင်နေကြောင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ အနေဖြင့် မိမိဒေသ၏ လိုအပ်ချက်ကို သိရှိကာ လုပ်ကိုင်ဆောင်ရွက်ပေးမှ မိမိဒေသ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးမှု လျင်မြန်စေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများကို လယ်ယာသုံး စက်ပစ္စည်းများ အသုံးပြုရမည်ဖြစ်ကြောင်း၊ ယခုအခါ မုံရွာစက်မှုဇုန်မှ လက်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ နယ်မြေဒေသအတွင်း တိုးချဲ့အသုံးပြုရေးဆောင်ရွက်နေသည် ဖြစ်ကြောင်း။

မြင်းမူမြို့နယ်အနေဖြင့် ဆန်ဖူလုံမှု အားနည်းနေသေးသဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် မြေလွတ်မြေလပ်များ၌ ရေရရှိရေး နည်းလမ်းအမျိုးမျိုးကို အသုံးပြု၍ စိုက်ပျိုးကြစေလိုကြောင်း၊ ထို့ကြောင့် ဒေသတာဝန်ခံများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်းကာ မိမိဒေသ၏ လိုအပ်ချက်ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့နယ် နှံ့တွင်းကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသော ကျောက်ဘုရား ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခရိုင် ဆည်မြောင်း ဦးစီးအရာရှိဦးခင်မောင်ရွှေက လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ကျောက်ဘုရားရေလှောင်တမံ

အဆိုပါ ကျောက်ဘုရားရေလှောင်တမံ စီမံကိန်းကို အလျား ပေ ၇၀၀၊ အမြင့်ပေ ၅၀ ရှိ မြေသားတမံအဖြစ် တည်ဆောက်သွားမည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ရွှေဘို-မန္တလေး ကားလမ်းအနီး စစ်ကိုင်းမြို့နယ် ထန်းဖူးတောင်ကျေးရွာရှိ ထန်းဖူးတောင် ကျေးလက်ဆည်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

စိတ်ဖြူသူ့ချင်း ယှက်လှယ်ခြင်းဖြင့်

အနေရိုးရှင်း၊ စိတ်ရင်းဖြူစင်
ပြုံးပန်းဆင်လျက်၊ ကြည်လင်မျက်နှာ
နှုတ်ချိုသာ၍၊ မူရာယဉ်ကျေး
မြော်မြင်တွေးပြီး၊ ဆွေးနွေးနှီးနှော
ပြုသဘောဖြင့်၊ သူရောကိုယ်ပါ
လူတကာ၏၊ စိတ်၏ချမ်းသာ
ကိုယ်ချမ်းသာမှု၊ အာရုံပြုလျက်
ရေးရှုလုပ်ကိုင်၊ စွမ်းနိုင်ဘဝ
ကိုယ်တိုင်ရ၍၊ တူမျှသဘော
ရှိသောသူသာ၊ ဘဝတာ၌
ကြုံလာဆုံလာ၊ အမြဲသာပင်
ဖြစ်ခဲ့လျှင်မူ၊ လူ့ခွင်လောက
နေသမျှတွင်၊ စိတ်ကြည်လင်၍
ပျော်ရွှင်ငြိမ်းချမ်း၊ လျှောက်ကာလှမ်းသည့်
စခန်းသာယာ၊ ရည်မှန်းရာသို့
အမှန်သေချာ ရောက်မည်သာ။။

နွယ်ချို

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်ထဲရေး)

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိတပ်ဖွဲ့ ဦးစီးဌာနများ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်စစ်ဆေး

ပြည်သူ့စွမ်းအားများဖြင့်ပူးပေါင်းပြီး လုံခြုံရေးအသိအပြည့်အဝထားရှိရေးမှာကြား

ရန်ကုန် ဇွန် ၃

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂၉ ရက်မှ ၃၁ ရက်အတွင်း ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ စတင်ထွက်ခွာပြီး လမ်းခရီးတစ်လျှောက်ရှိ ရုံးဌာန၊ ရဲစခန်း၊ ရဲကင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ မန္တလေး၊ ကျောက်ပန်းတောင်းနှင့် မကွေးမြို့တို့ရှိ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ခံအရာရှိများအား တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်နှင့် အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို နှောင့်ယှက်ဖျက်ဆီးလိုသည့် အမှောင့်ပယောဂအင်အားစုများအား ပြည်သူ့စွမ်းအားများဖြင့် ပူးပေါင်း၍ လုံခြုံရေးအသိ အပြည့်အဝထားရှိတားဆီးကာကွယ်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲဗဟိုလေ့ကျင့်ရေး သင်တန်းကျောင်းနှင့် ရမည်းသင်းမြို့နယ်ရှိ အမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးများက မိသားစုများအတွက် ထောက်ပံ့ဆောင်ရွက်ပေးမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားအပိုဝင်ငွေ ရရှိရေး စီစဉ်ထားမှုများ၊ အုပ်ချုပ်မှုနှင့် သင်တန်းအဆောက်အအုံ၊ ဆောက်လုပ်မှုခြေအနေများကိုတင်ပြပြီး ဝန်ကြီးက မျိုးချစ်စိတ်ဓာတ်ရှိ၍ စွမ်းရည်ထက်မြက်သော ခေတ်မီရဲတပ်ဖွဲ့ ဖြစ်စေရေးအတွက် ဘက်ပေါင်းစုံ လေ့ကျင့်ဆောင်ရွက်ပေးရေး၊ ဆောက်လုပ်သည့် အဆောက်အအုံများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းကိုက်ညီစွာဖြင့် ပြီးစီးရေး မှာကြားသည်။

ဝန်ကြီးသည် ခရီးစဉ်အတွင်း ရဲစခန်းများ၊ လေ့ကျင့်ရေးကျောင်းများနှင့် ရုံးဌာနများရှိ တပ်ဖွဲ့ဝင် ဝန်ထမ်းမိသားစုများ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံး ဗလာစာအုပ်၊ ခဲတံနှင့် မဂ္ဂဇင်းစာအုပ်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဖွင့်အမှာစကားပြောကြား

အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ စာတမ်းများ ဖတ်ကြားတင်ပြခြင်းကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ ဦးယောအေးလှက အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းများ ဖတ်ကြားတင်ပြခြင်းကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့် ကျ သဘာပတိအဖြစ် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှဦးယောအေးလှက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူးဦးမောင်မောင်ဖြူတင့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၈၆ဒသမ ၆၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ဦးယောအေးလှက အဖွင့်အမှာစကားပြောကြားသည်။

အမျိုးသားညီလာခံ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေးအဖွဲ့ငယ် ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ (၅)၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာမူထန်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့၏ စုပေါင်းအကြံပြုစာတမ်းကို ညီလာခံ ကိုယ်စားလှယ် စာတမ်းရှင်နှစ်ဦးက ဖတ်ကြား တင်ပြကြသည်။

ထို့နောက် ထန်တလန်မြို့နယ် မဲဆန္ဒနယ်နှင့် ရွာငံမြို့နယ် မဲဆန္ဒနယ်တို့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်နှစ်ဦးတို့၏ စုပေါင်းအကြံပြုစာတမ်းတစ်စောင်ကို ရွာငံမြို့နယ် မဲဆန္ဒနယ်ရွေးချယ်ခံကိုယ်စားလှယ်က အလှည့်ကျသဘာပတိထံသို့ ပေးအပ်သည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျ သဘာပတိ ဦးစိုင်းတင့်အောင်က အဖွင့် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်းမှ ဦးတင်မောင်ကျော်နှင့် ရန်ကုန်တိုင်းမှ ဦးမြအေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ကြိုင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ဦးရှိသည့်အနက် ၉၁ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၈၅ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးစိုင်းတင့်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက်ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်နှင့်တိုင်းအလိုက် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များ၏စာတမ်းများကို တင်သွင်းကြရာတွင် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှ တင်သွင်းသည့်စာတမ်းကို ကယားပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးထွန်းအေးဟန်ကလည်းကောင်း၊ ပဲခူးတိုင်းမှ တင်သွင်းသည့်စာတမ်းကို ပဲခူးတိုင်းမှ ညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသော ဦးသန်းရွှေနှင့် ဦးသောင်းမြင့်တို့က လည်းကောင်း၊ ရခိုင်ပြည်နယ်မှတင် သွင်းသည့်စာတမ်းကို ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးရွှေလှက လည်းကောင်း ဖတ်ကြား တင်သွင်းကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ သဘာတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည် ပုဂ္ဂိုလ်များ အစုအဖွဲ့ သဘာပတိအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပစဉ်။ (သတင်းစဉ်)

အစည်းအဝေးကို နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ပြန်လည်ကျင်းပရာ ရန်ကုန်တိုင်းမှတင်သွင်းသည့်စာတမ်းကို ရန်ကုန်တိုင်းမှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးထွန်းဦးနှင့် ဦးတင်ညွှန့်တို့ကလည်းကောင်း၊ ရှမ်းပြည်နယ်မှ တင်သွင်းသည့်စာတမ်းကို ရှမ်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးစိုင်းနုကလည်းကောင်း ဖတ်ကြား တင်သွင်းကြပြီး သဘာပတိကနိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက် ၁၁နာရီ ၅မိနစ်တွင် ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပမည်

တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဇွန် ၄ ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့

အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းပြုစုရေးအဖွဲ့ငယ်ခေါင်းဆောင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ရန်ကုန်တိုင်းမှ ဒေါက်တာမျိုးသန့်တင်၊ ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဦးဘိုသိန်း၊ စစ်ကိုင်းတိုင်းမှ ဦးခင် မောင်အေးနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်း၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေး အဖွဲ့ငယ်ခေါင်းဆောင်များ တက်ရောက်ကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က တင်သွင်းမည့် စာတမ်းပြုစုရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ရေးသားပြုစုကြသည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၇) ၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်၊ သာသနာရေးဝန်ကြီး ဌာနမှ ဦးအုံ့မောင်၊ စီးပွားရေးနှင့် ကူးသန်း

စာမျက်နှာ ၁၁ ကော်လံ ၅

ဆောင်းပါးစက်ရုံ ကုန်ချော (၅)

သပြေအပြုံးလား ခရေအပြုံးလား ကွမ်းခြံကုန်းသား

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

"ယနေ့ကွမ်းခြံကုန်းမြို့တွင် ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း၊ မိုးလုံလေလုံ အားကစားခန်းမနှင့် သုံးထပ်စာသင်ဆောင်ကြီးများ ခံ့ခံ့ညားညား အစီအရီ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကွမ်းခြံကုန်းမြို့သူမြို့သားအားလုံး ဂုဏ်ယူဝမ်းမြောက်နေခြင်းကို တွေ့မြင်ခံစားရပါကြောင်း"

မှန်ပါသည်၊ မြင်ကြားထိတွေ့ရသမျှ အရာရာတိုင်းမှာ အပြုံးလှိုင်းတွေ စက္ကန့်တိုင်း ရိုက်ခတ်နေသည့်သဘော ဖြစ်တည်နေပါသည်။ မျက်နှာ၏ အလှဆုံး စက္ကန့်များဟု တင်စားအပ်သော အပြုံးပန်းတို့၏ သင်းပျံ့ရနံ့ကြိုင်ကြိုင်များက လည်း လှိုင်လှိုင်ကြူမွှေးထုံနေသည့်သဘော ဖြစ်တည်လျက်ရှိသည်။ လှသော အပြုံး၊ မွှေးသော အပြုံးများနှင့်အတူ ကွမ်းခြံကုန်း မြို့သူမြို့သားအားလုံးတို့၏ ဂုဏ်ယူ မဆုံး၊ ဝမ်းမြောက်မဆုံး၊ တက်ကြွမဆုံးသော ထင်ဟပ်မှုများကြောင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖော်ပြပါစကားခွန်းသည် ရွှန်းရွှန်းအိ နှလုံးသားစကားဖြစ်လေ၏။

(ခ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ၈-၂-၂၀၀၄ရက်နေ့ နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့မှ ဒလမြို့ဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး ရေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုကြ၏။ ထိုမှတစ်ဆင့် ကွမ်းခြံကုန်းမြို့သို့ ရောက်ရှိကြ၏။

ဤမြို့နယ် ဤဒေသသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လွန်ခဲ့သော ၁၀နှစ်ကျော်ကာလကတည်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားဖြည့်ဆည်းပေးနိုင်ရန် တာဝန်ရှိသူများလိုက်ပါကာ မကြာခဏ ရောက်ရှိခဲ့ဖူး၏။ ရောက်ရှိတိုင်း ရောက်ရှိတိုင်းမှာ နိုင်ငံတော်အဆင့်မှ ဖြည့်ဆည်းပေးရမည့် ဆောင်ရွက်ဖွယ်တို့ကို ချက်ချင်းဖြည့်ဆည်းပေးသလို သက်ဆိုင်ရာတို့အား လမ်းညွှန်မှာကြားသင့်သည်များကိုလည်း လမ်းညွှန်မှာကြား မျှဉ်းသားပေးခဲ့သည်ချည်းဖြစ်၏။ ထို့ကြောင့်ပင် သမိုင်းတစ်လျှောက်မှာ သမိုင်းအလျောက် အခြေအနေ အမျိုးမျိုးဖြစ်ပေါ်ခဲ့ရာဝယ် ချောက်ချားခဲ့ရသော ကွမ်းခြံကုန်းမြို့နယ် သမိုင်းစာမျက်နှာများ၊ နွမ်းပါးခဲ့ရသော ကွမ်းခြံကုန်းမြို့နယ် သမိုင်းစာမျက်နှာများကို နိဂုံးသတ်ရပ်တန့်စေပြီး ထွန်းကားလာသော ကွမ်းခြံကုန်းမြို့နယ် သမိုင်းစာမျက်နှာသစ် နိဒါန်းဖွင့်လျက် စာကိုယ်များ တစ်ရွက်ပြီးတစ်ရွက် သွက်သွက် ရေးသားလာနိုင်သည့် အနေအထားကောင်းသို့ ကွမ်းခြံကုန်းမြို့ ရောက်ရှိလာလေပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှေးဦးစွာ ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်၏။ ထိုအခမ်းအနား၌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားဖွင့်ကာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖွင့်ပွဲကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး၏။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကွမ်းခြံကုန်းမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ရှိ Switching Roomကို ကြည့်ရှုစစ်ဆေးပြီး တယ်လီဖုန်းဖြင့် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံရှိ မြန်မာသံအမတ်ကြီးများထံ လက်တွေ့မျက်တွေ့ စမ်းသပ်ဆက်သွယ်ကာ စကားပြောကြည့်၏။ အသံအလွန် ကြည်လင်ကြောင်း ကိုယ်တွေ့သိရှိ။

ထိုမှ ကွမ်းခြံကုန်းမြို့ အားကစားခန်းမ ဖွင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပ၏။ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်၏။ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့က အားကစားခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အားကစားခန်းမဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ် နှိပ်၍ ဖွင့်ပေး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အားကစားခန်းမသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အားကစားအဖွဲ့များမှ အားကစားသမားများက တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ဘောလုံး၊ ဘော်လီဘော၊ လက်ဝှေ့၊ ဂျူဒို၊ ဝူရှူး၊ ကြက်တောင်နှင့် ကျွမ်းဘားအားကစားနည်းအလိုက် သရုပ်ပြကစားရင်း နိုင်ငံတော်ဝန်ကြီးချုပ်အား ဂါရဝပြုကြ၏။

ထို့နောက် ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ထိုကျောင်း၌ကျင်းပရာ ကျောင်းအုပ်ကြီးဦးသန့်ဇင်နှင့်ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေး၏။ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က သုံးထပ်ကျောင်း ဆောင်သစ်ဖွင့်ပွဲ မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့၊ ကာယသရုပ်ပြအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် စာလုံးသရုပ်ဖော်အဖွဲ့များ၏ သရုပ်ပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး၏။

ထိုမှ ဖွင့်ပွဲသုံးရပ်အစီအစဉ်ကို ကျောင်းအားကစားရုံခန်းမ၌ ကျင်းပရာ ကွမ်းခြံကုန်းမြို့ အထက(၂)ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းတင်၏ တင်ပြချက်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၏ တင်ပြချက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၏ တင်ပြချက်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချိုထွန်းက ဂါရဝပြုကျေးဇူးတင်စကား ပြောကြားခြင်း။

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့က သုံးထပ်ကျောင်းဆောင်သစ်နှင့်စပ်လျဉ်း၍ ကူညီပံ့ပိုး ဆောင်ရွက်ပုံ ရှင်းလင်းတင်ပြခြင်းများ ပြီးစီးသောအခါ စေတနာရှင်များ၏ အလှူငွေများကို ဝန်ကြီးနှစ်ဦးတို့က လက်ခံကြလျက် ကွမ်းခြံကုန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးက ပညာရေးဝန်ကြီး ဌာနဝန်ကြီးအား လွှဲပြောင်းပေးအပ်ခြင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီးက ကွမ်းခြံကုန်းမြို့နယ်အတွက် အားကစားပစ္စည်းများကို လွှဲပြောင်းပေးအပ်ခြင်း အစီအစဉ်များ စနစ်တကျဆောင်ရွက်ကြ၏။

(ဂ)

ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းတင်၏ တင်ပြချက်

ယခုကျောင်းကြီးမှာ ၁၉၂၂ခုနှစ်တွင် အမျိုးသားကျောင်းအဖြစ် စတင်ခဲ့ပြီး ၁၉၄၇ခုနှစ်တွင် အမျိုးသားအထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်နိုင်ခဲ့ကာ ၁၉၈၆ခုနှစ်တွင်မူ အလယ်တန်းကျောင်းအဖြစ် အဆင့်လျှော့ခဲ့ရ၏။ အကြောင်းမှာ မြို့သစ်တိုးချဲ့ရာတွင် ထိုမြို့သစ်ရှိ မြေကွက်သစ်သို့ အထက်တန်းကျောင်းသစ် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ ယခုကျောင်းမှာ အလယ်တန်းအဆင့်ဖြင့် ကျန်ရစ်ခဲ့သောကြောင့် ဖြစ်၏။

ယင်းကို အထက်တန်းအဆင့် ပြန်လည်ရရှိအောင် ကြိုးပမ်းခဲ့ကြရာတွင် မပြည့်စုံမှုများ၊ အခက်အခဲများကြောင့် နှောင့်နှေးခဲ့ရာမှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ တင်ပြဆောင်ရွက်ပေးမှုကြောင့် ၂၀၀၃ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အဖြစ် တိုးမြှင့်လာခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး၏ ဦးဆောင်ကြီးကြပ်မှု၊ စည်းရုံးကူညီပံ့ပိုးမှုတို့ဖြင့် ယခုအခါ သုံးထပ်ကျောင်းဆောင်သစ်ကြီး ထီးထီးမားမား ပေါ်ထွန်းလာခြင်းဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၏ တင်ပြချက်

ယခင်က ကွမ်းခြံကုန်းမြို့၌ လိုင်း ၃၀၀ပါ လက်လှည့်အိတ်ချိန်းစနစ်သာ ရှိခဲ့ပြီး အဝေးဆက်သွယ်မှုမှာ ရန်ကုန်မှ အော်တိုရေဒီယိုတယ်လီဖုန်း လေးလိုင်းဖြင့် အော်ပရေတာမှတစ်ဆင့် ဆက်သွယ်ခဲ့ရ၏။ ယခု လိုင်း ၃၀၀ပါ အော်တိုအိတ်ချိန်းနှင့် CO လိုင်း ၁၈လိုင်းပါ အဝေးလိုင်းကို တပ်ဆင်ပြီးဖြစ်သဖြင့် ပြည်တွင်းသာမက ပြည်ပသို့ပါ ဆက်သွယ်ပြောဆိုနိုင်သော အနေအထား တည်ရှိနေပြီ ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက် လျက်ရှိရာ ယခုအခါ အော်တိုအိတ်ချိန်း၁၃၀၊ လက်သုံးအိတ်ချိန်း ၆၁၄ခုနှစ် တယ်လီဖုန်းလိုင်းပေါင်း လေးသိန်းခန့် တပ်ဆင်ဆောင်ရွက်ထားရှိသည်။

အားကစားနှင့်ကာယပညာညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်၏ တင်ပြချက်

ယခုအသစ်ဆောက်လုပ်သည့် မိုးလုံလေလုံ အားကစားခန်းမကြီးမှာ အလျားပေ ၁၂၀၊ အနံပေ ၆၀၊ အမြင့် ၃၆ပေရှိ အုတ်နံရံကာ၊ သွပ်မိုး၊ သံထည်အဆောက်အအုံဖြစ်ပြီး ပင်မဆောင်ဘေးတစ်ဖက်တစ်ချက်၌ အလျားပေ ၁၂၀၊ အကျယ် ၁၄ပေရှိ ပရိသတ်လေးရာဆံ့ အဆောင်နှစ်ဆောင်တွဲလျက် ပါရှိ၏။ ပင်မဆောင်ကို ဆောင်လုံးပြည့် လျှာထိုးကြမ်းခင်းထားသဖြင့် အင်ဒိုးဂိမ်းကစားနည်းမျိုးစုံကို လေ့ကျင့်ကစားနိုင်မည့်အပြင် ပြိုင်ပွဲများကို အဆင့်မီစွာ ကျင်းပနိုင်မည်။

(ဃ)

စေတနာရှင်များမှတ်စု

ကွမ်းခြံကုန်းမြို့ မြို့မိမြို့ဖအလှူရှင်များက ငွေကျပ် ၆၂သိန်း၊ ကမ္ဘောဇ ဘဏ်လီမိတက်က ငွေကျပ်၁၁၅သိန်း၊ အေရှားဝေါလ်ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း၁၀၀၊ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း၁၀၀၊ ကျောက်စိမ်းနဂါးကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ Forcus Energy မှ ဦးမောင်မောင်ဆွေက ငွေကျပ်သိန်း၅၀၊ မြတ်မေတ္တာမွန်မိသားစု ကုမ္ပဏီ လီမိတက်က ငွေကျပ်သိန်း ၄၀၊ MPRLက ငွေကျပ် ၁၈၅၀၀၀၀၊ တော်ဝင် မိသားစုကုမ္ပဏီက ငွေကျပ် ၁၄၅၄၀၈၈၊ မြန်မာ့အလှဆောက်လုပ်ရေးက ငွေကျပ်၁၀သိန်း။

(င)

အစီအစဉ်အရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားချီးမြှင့်ခြင်းဖြစ်သဖြင့် ယင်းအမှာစကားထဲမှ တစ်ခွန်းကိုဆောင်းပါး အဖွင့်အဖြစ် ကောက်နုတ်ဖော်ပြပြီးဖြစ်၍ ယခုဆက်လက်ကောက်နုတ်ဖော်ပြမည့် စကားရပ်တို့ကို အတွေးဖတ်နည်းဖြင့် ဖတ်အပ်ကြပါကုန်၏။

"မိမိတို့ တာဝန်ယူစဉ်အချိန်တွင် ပြည်ထောင်စုကြီးခိုင်မြဲရမည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းရမည်၊ ပြည်ထောင်စုကြီး ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းနေရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီး ဖြစ်ထွန်းရမည် ဆိုသည့် ဦးတည်ချက် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။"

"ရှေးဦးစွာ ပြည်ထောင်စုခိုင်မြဲရေးဦးတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယခင်ကပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားခဲ့ပြီး ပြည်ထောင်စုကြီး ခိုင်မြဲရေး၊ နိုင်ငံထူထောင်ရေးကိစ္စများတွင် တိုင်းရင်းသားများ တပေါင်းတစည်းတည်း ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။"

"ယနေ့အချိန်အခါတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ထွန်းမှုများရရှိကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍစုံတွင် တိုးတက်မှုအခြေခံကောင်းများစွာ ရရှိဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း"

ယနေ့ တပ်မတော်အစိုးရလက်ထက်၌ အမှန်တကယ်ဖြစ်ထွန်းလာသော မုဒိတာအာရုံများ၊ ပီတိရနံ့များ၊ တည်ငြိမ်အေးချမ်းလာသော နယ်စပ်ဒေသများ၊ တိုးတက်မြင့်မားလာသော တိုင်းရင်းသားတို့၏ဘဝများ၊ မြဲမြံခိုင်မာလာသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ၊ ရှင်သန်နိုးကြားလာသော ပြည်ထောင်စုစိတ်ဓာတ် အမွှန်အမြတ်များ။

"ဤကဲ့သို့သော အခြေအနေကောင်းများ ရရှိလာချိန်တွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း"

ယင်းမူဝါဒလမ်းစဉ် (၇)ရပ်သည်သာ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး တလုံးတစည်းတည်း ချီတက်သွားရမည့် တစ်ကြောင်းတည်းသော လမ်း(ဧကာယနမဂ္ဂ)စစ်စစ်ဖြစ်၏။ အနာဂတ်မှာ စိန်ခေါ်မှုအရပ်ရပ် ပြွမ်းနေသော ပြည်ထောင်စုကြီးအတွက် တည့်မတ်အား (အဓိဋ္ဌာနဗလ) စစ်စစ်ဖြစ်၏။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ဖြင့် ဖွဲ့တည်နေသော ပြည်ထောင်စုကြီးအတွက် စည်းနှောင်အား(သာမဂ္ဂီဗလ)စစ်စစ်ဖြစ်၏။ ထို့ကြောင့် ယင်းမူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် ကွမ်းခြံကုန်း သားတို့၌လည်း တာဝန်ရှိ၏။ အခြားသော တိုင်းရင်းသားအားလုံးတို့၌လည်း တာဝန်ရှိ၏။ အချုပ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံး၌ တာဝန်ရှိ၏။ ဥပမာအားဖြင့် ကိုယ်နေဖို့ အိမ်ဆောက်ရာဝယ် ကိုယ့်မှာ တာဝန်ရှိသကဲ့သို့ပင် ဖြစ်၏

ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိဂုံးချုပ်ပြောကြားသော အောက်ပါစကားကို လမ်းညွှန်အဖြစ် ကျင့်ဆောင်အပ်ကြ၏။

"နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၊ အမျိုးသားရေးအင်အားစုများအားလုံးက မိမိတို့မျှော်မှန်းထားသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအောင်အောင်မြင်မြင်ဖြစ်ထွန်းလာရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း"

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မှာကြားဖွယ်ရာများကို မှာကြားကာ ဖွင့်ပွဲသုံးရပ်အခမ်းအနားအစီအစဉ် အောင်မြင်ပြီးမြောက်သော အခါ ဆက်လက်၍ ကွမ်းခြံကုန်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအုပ် ဒေါက်တာတင်ထွန်းနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြ၍ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့်လူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးလျက် ဆေးရုံအတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ကြပ်မတ်တာဝန်ပေး ဆောင်ရွက်သွားရန် မှာကြား၏။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူ သွန်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သွန်းဘုရားကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းကာ ကွမ်းခြံကုန်းမြို့မှ ကော့မှူးမြို့သို့ ဆက်လက်ထွက်ခွာသွားပါတော့၏။ ထိုကော့မှူးမြို့၌လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်ပါသည်။

(စ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ပါသော ကွမ်းခြံကုန်းမြို့ ဖွင့်ပွဲသုံးရပ်နှင့်အတူ ကွမ်းခြံကုန်းသားတို့၏ အပြုံးများသည် ခရေပန်းသို့ မညှိုးတမ်း ရနံ့သင်းနေတော့မည်ဖြစ်၏။

ကွမ်းခြံကုန်းသားတို့၏ အပြုံးသည် သပြေအပြုံးလား ခရေအပြုံးလား။

သပြေအပြုံးဟူသည် အောင်ပြုံးဖြစ်၍ ခရေအပြုံးဟူသည် မွှေးပြုံးဖြစ်ပေရာ အောင်မြင်ခြင်း စတစ်ခုတစ်ခု၏ ရေရှည်ခိုင်မြဲမှုတည်းဟူသော မွှေးရနံ့ပြယ်မသွားအောင် ကွမ်းခြံကုန်းသားတို့အဖို့ သပြေအပြုံးရော ခရေအပြုံးပါ ပြုံးပြီးရင်းပြုံးရင်းဖြင့် ယခုဖွင့်ပွဲသုံးရပ်၏ ဒြပ်ထုများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်၏။

ထို့အပြင် ကွမ်းခြံကုန်းသားများအပါအဝင် ပြည်ထောင်စုသားအားလုံးအဖို့ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဖြစ်ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေး တက်ညီလက်ညီ ဆန္ဒညီလျက် ပထဝီမြေပြင်ထက် သပြေခက်ဖြင့် အောင်ရေပက်ကာ မညှိုးပန်းခရေအပွင့်တွေ သီကုံးရင်း သပြေပြုံး ခရေပြုံး အပြုံးစက္ကန့်မခြားအောင် ပြုံးအားမြှင့်နေကြရမည်ဖြစ်ပါသတည်း။ ။

* ကျောဖုံးမှ

သမိုင်းအရ ရှေးအခါက ချောင်းဦးဆယ်ရွာဟု ထင်ရှားခဲ့သည်။ ပုဂံပြည် စောရဟန်းမင်းကြီးလက်ထက် သက္ကရာဇ် ၂၈၇ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်(တနင်္ဂနွေနေ့)တွင် ရွာတည်ခဲ့သည်။ ရွာတည်ရာအရပ်၌ အစဉ်အလာအရ ဓာတ်အင်းများမြှုပ်နှံရာတွင် တူးရှင်းသံမီးတောက်သောကြောင့် သံတောက်ရွာဟု သမုတ်စေပြီးလျှင် ထိုရွာကိုရွာမပြု၍ ရွာပေါင်း ၁၀ရွာစုစည်းခဲ့ရာမှ သံတောက်ဆယ်ရွာဟုတွင်လာသည်။ ထို့နောက်မှ ချောင်းဦးဆယ်ရွာဟု ပြောင်းလဲခေါ်တွင်လာသည်။

တွင်းနက်နက်တူးမှ

ချောင်းဦးမြို့နယ်သည် ချင်းတွင်းမြစ်နှင့် ဆက်စပ်လျက် တည်ရှိရာ အနောက်ဘက်ခြမ်းသည် မြစ်ရေဝင်ဧရိယာဖြစ်ပြီး အရှေ့ခြမ်းသည် ကုန်းပိုင်းကျသော ဧရိယာဖြစ်သည်။ မြစ်ရေဝင်ဧရိယာအတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေအတွက် တွင်းတိမ်များတူးဖော်ရရှိနိုင်ပြီး ကုန်းပိုင်းဒေသကျေးရွာများတွင် တွင်းနက်နက်တူးဖော်မှသာ ရေရရှိနိုင်သည်။

ချောင်းဦးမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၂၆အုပ်စုရှိပြီး ကျေးရွာပေါင်း ၇၃ရွာရှိသည်။ ကျေးရွာအိမ်ထောင်စုပေါင်း ၁၂၇၃၈ရှိပြီး လူဦးရေ ၇၆၄၂၈ဦးရှိသည်။ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၇၃ရွာတွင် သန့်ရှင်းသော သောက်သုံးရေရပြီး ကျေးရွာ ၃၅ရွာ၊ ရေတစ်ဝက်တစ်ပျက်ရရှိသော ကျေးရွာ၁၃ရွာ၊ သန့်ရှင်းသော သောက်သုံးရေမရသည့်ကျေးရွာ၂၅ရွာရှိခဲ့သည်။

သန့်ရှင်းသော သောက်သုံးရေ

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေ ဖူလုံပြည့်ဝစွာရရှိရေးအတွက် စီမံကိန်းရေးဆွဲကာ စနစ်တကျဖြင့်ဆောင်ရွက်ခဲ့သည်။ ချောင်းဦးမြို့နယ်အတွင်း မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစီး၍ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့သည်။

ကွင်းဆင်းစစ်ဆေး

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် စည်ပင်သာယာရေး တာဝန်ခံအင်ဂျင်နီယာများသည် ကျေးရွာပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် ရေရရှိရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်း စစ်ဆေးချက်အရ ချောင်းဦးမြို့နယ် ရေတစ်ဝက်တစ်ပျက်ရရှိသောကျေးရွာ ၁၃ရွာ၊ သန့်ရှင်းသောသောက်သုံးရေမရသည့် ကျေးရွာ ၂၅ရွာ စုစုပေါင်း ၃၈ရွာ တွေ့ရှိခဲ့သည်။ ထိုတွေ့ရှိချက်အပေါ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၀–၂၀၀၁ခုနှစ်တွင် ကျေးရွာလေးရွာ၊ ၂၀၀၁–၂၀၀၂ခုနှစ်တွင် ကျေးရွာနှစ်ရွာ၊ ၂၀၀၂–၂၀၀၃ခုနှစ်တွင် ကျေးရွာ ရှစ်ရွာ စုစုပေါင်း ၁၄ရွာ ဆောင်ရွက်ပေးခဲ့သည်။ စေတနာရှင် ပြည်သူများနှင့် အဖွဲ့အစည်းများကလည်း ပူးပေါင်း၍ ၂၀၀၀–၂၀၀၁ခုနှစ်တွင် ကျေးရွာသုံးရွာ၊ ၂၀၀၁–၂၀၀၂ခုနှစ်တွင် ကျေးရွာ ၂၉ရွာ စုစုပေါင်း ၃၂ ရွာ ဆောင်ရွက်နိုင်ခဲ့သည်။

ပိုမိုဆောင်ရွက်ပေးနိုင်

စီမံကိန်းကာလ သုံးနှစ်အတွင်းတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးဆောင်ရွက်ရန် ကျေးရွာ ၃၈ရွာရှိသည်။မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးရွာ ၁၄ရွာ၊ စေတနာရှင်ပြည်သူများနှင့် အဖွဲ့အစည်းများက ကျေးရွာ ၃၂ရွာ ဆောင်ရွက်ခဲ့သဖြင့် ကျေးရွာပေါင်း ၄၆ရွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျေးရွာရှစ်ရွာ ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့သည်။

ချောင်းဦးမြို့နယ် မြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သောက်သုံးရေပြည့်စုံဖူလုံစွာရရှိရေးအတွက် စည်ပင်သာယာအဖွဲ့ရန်ပုံငွေက ၄၆၉၂၅၀၀ ကျပ်၊ စည်ပင်သာယာဘဏ်ကလှူဒါန်းငွေ ၂၁၃၇၆၄ကျပ်၊ စေတနာရှင်အလှူရှင်များက ၃၉၅၀၀၀၀ကျပ်၊ ပြည်သူများက လှူဒါန်းငွေ ၁၂၁၀၃၅၀ကျပ် စုစုပေါင်းငွေ ၁၀၀၈၆၆၁၄ကျပ် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြသည်။

ချောင်းဦးမြို့နယ် ကျေးလက်ပြည်သူအားလုံးသည် လက်နှိပ်ပန့် ၃၂၈၇ ခု၊ ရေတွင်းနက် ၃၉ တွင်း၊ လက်တူးတွင်း ၁၁၅ တွင်း၊ မိုးရေလှောင်ကန် ၂၄ ကန်ဖြင့် ရောဂါကင်း၍ သန့်ရှင်းသော သောက်သုံးရေကို တစ်နှစ်ပတ်လုံး ပြည့်စုံဖူလုံစွာ ရရှိနေပြီဖြစ်သည်။ ထို့ကြောင့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့ ကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိမှု အထိမ်းအမှတ်အခမ်းအနားကို ပြီးခဲ့သော မေလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်"ကျေးလက်ပြည်သူတိုင်း သန့်ရှင်းသော ရေရပြီ" ဆိုင်းဘုတ်တင်ပွဲကို ဗိုလ်ချုပ်လမ်းနှင့် အောင်မင်္ဂလာလမ်းထောင့်တွင်ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံးသန့်ရှင်းသော သောက်သုံးရေရရှိရေး အထိမ်းအမှတ်အခမ်းအနားကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးတွင် ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်က အပူပိုင်းဒေသ တိုင်းသုံးတိုင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်

ထို့နောက် ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းက မြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်ကျေးရွာလူထုကိုယ်စားလှယ်တစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ယခင်ကာလများက သံတူးရှင်းမီးတောက်ခဲ့သဖြင့် သံတောက်ရွာဟု ခေါ်ဆိုခဲ့သော ချောင်းဦးမြို့နယ်သည် ယခုအခါ ရေအတွက် ကြောင့်ကျစရာမလိုတော့ဘဲ ကျေးလက်ပြည်သူတိုင်း သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာ ရရှိနေကြပြီဖြစ်ရာ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြပေသည်။ ။

(မြန်မာ့အလင်း)

7 Day News ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)ဖြန့်ချိ

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံတွင် ပြည်တွင်း၌ စက်မောင်းဆီသုံးစွဲမှု မြင့်မားတိုးတက်လာနေ၊ အဆင့်မြင့်မှန်စက်ရုံ မြိတ်မြို့အနီးတည်ဆောက်တော့မည်၊ ပြည်တွင်း ဟိုတယ်များ အဆင့်သတ်မှတ်နိုင်ရန် စစ်ဆေးမှုလုပ်ငန်းများ စတင်ဆောင်ရွက်ပြီစသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဓာတ်ပုံဆရာက ဒစ်ဂျစ်တယ်ကင်မရာထက် ပြတ်သားအားကောင်းကင်မရာတီထွင်၊ ၂၁နှစ်ကြာအအေးခဲသုက်ပိုးမှ အောင်မြင်သန္ဓေတည်ပြီး ယောကျ်ားလေးမွေးနိုင်၊ ကြက်တူရွေး ဒီဗွီဒီစသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ လူမှုရေး၊ စီးပွားရေး၊ အားကစား၊ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍစုံကို e-Empire Media House ဖုန်း–၇၀၃၈၁၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှစတင်ကာ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာအောင်မင်းသိမ်း ရိုက်ကူးပြီး သရုပ်ဆောင် ဒွေးနှင့် အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် ၂၀၀၀ ပြည့်နှစ် အကယ်ဒမီဆုရ "အချစ်သည်လေပြေ"ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးမြတ်ကိုနှင့် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့ တက်ရောက်ကြသည်။

သဘာပတိအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲတွင် ကဏ္ဍအလိုက်စာတမ်းပြုစုရေးအဖွဲ့ငယ်များက တင်ပြထားသော စာတမ်းများကို လေ့လာစိစစ်ကြပြီး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့က တင်ပြမည့်စာတမ်းကို ပြုစုကြသည်။ ထို့နောက် သဘာပတိအဖွဲ့၏ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရပ်နားလိုက်သည်။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏သဘာပတိအဖွဲ့ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲ ခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော မြန်မာ့သမိုင်းအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ဦးအောင်ခမ်းထီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်းတူးဂျာ၊ မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီလုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ တက်ရောက်ကြပြီး အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အစည်းအဝေးတွင် တင်သွင်းရန်ကျန်ရှိသော စာတမ်းတစ်စောင်တင်သွင်းမည့် နေ့ရက်သတ်မှတ်ခြင်း၊ စုံညီအစည်းအဝေးတွင် တင်သွင်းမည့် စာတမ်းပြုစု ရေးသားရေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။ (သတင်းစဉ်)

မေ ၂၉ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၄)ရပ်ကွက် အမက(၁၄)ကျောင်းခန်းမတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ၂၀၀၃–၂၀၀၄ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ ရပ်ကွက်အသင်းဥက္ကဋ္ဌ ဒေါ်တင်အေး အမှာစကားပြောကြားစဉ်။ (က–ပ)

စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွေ့အကြုံ တောင်ညွန့်မြို့နယ်၌ရှင်းလင်း

ရန်ကုန် ဇွန် ၃

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ပီတိကျန်းမာရေး စောင့်ရှောက်မှု သမဝါယမလီမိတက်ရုံးတွင် ယနေ့ နံနက် ၉နာရီက တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲပြုလုပ်ရာ နာယကများဖြစ်ကြသည့် စာရေးဆရာ သာချို၊ စာရေးဆရာ သာလွန်နှင့် နာယကများ၊ မြို့နယ်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဆွေ(ရှေ့ဆောင်တင်ဆွေ)ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးရဲဇော်(ကိုရဲဇော်)က ဆောင်ရွက်သည်။ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွေ့အကြုံများကို မြို့နယ်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ညီလာခံကိုယ်စားလှယ်နှင့်ဗဟိုဦးစီးအဖွဲ့ဝင် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က ရှင်းလင်းပြောကြားသည်။

ထို့နောက် နာယကအဖွဲ့ဝင် ဆရာသာချိုက မြို့နယ်စာနယ်ဇင်းအဖွဲ့ အထွေထွေရန်ပုံငွေ ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) လှူဒါန်းကြောင်း သိရသည်။

(မြန်မာ့အလင်း)

မေ ၃၀ရက်က ပင်မဒေသန္တရနှင့်ဝေါ့ဗ်ရှင်း(လှိုင်သာယာအနောက်)တို့မှ ပူးပေါင်းဆောင်ရွက်သော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဟောပြောပွဲနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဟောပြောပွဲကို လှိုင်သာယာမြို့နယ် အမှတ်(၁၂)ရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ ပင်မဒေသန္တရကျန်းမာရေး ဆရာမ ဒေါ်ခင်ဆွေတင့်က ရှင်းလင်းဟောပြောစဉ်။ (၁၈၀)

သင်ဘာကို အလိုရှိပါသလဲ

ပင်လယ်နှင့်သမုဒ္ဒရာများ အပျက်လော၊ အကောင်းလော

WANTED! Seas and Oceans - Dead or Alive?



ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးအား သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mr.D.M.M Ranaraja နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အထွေထွေအတွင်းရေးမှူးဦးစိန်ဝင်းလှိုင်တို့သည် ဇွန် ၁ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားကုန်သွယ်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး၊နှစ်နိုင်ငံကုန်သည်များအသင်းအချင်းချင်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၀၄ခုနှစ် စက်တင်ဘာ ၆ရက်မှ ၈ ရက်အထိ ကိုလံဘိုမြို့တွင် ကျင်းပပြုလုပ်မည့် 14th Sri Lamka Gem & Jewellery Show သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးထွန်းအောင်(မြန်မာညွန့်)၊ ဦးထွန်းအောင်(တော်ဝင်ထွန်း)တို့တက်ရောက်ကြသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ Kyushu °University မှ ပါမောက္ခများဖြစ်သော Dr. Satashi Kai နှင့် Dr. °Susumu °Fukuda တို့သည် အသင်းချုပ်ရုံးသို့လာရောက်၍ အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ကုန်သည်/စက်မှုအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အမှုဆောင်များအား တွေ့ဆုံပြီး ပဲမျိုးစုံ တင်ပို့ရောင်းချနေမှုနှင့် အဓိက ဈေးကွက်များ၊ ပြန်လည်တင်သွင်းသော အဓိက ကုန်ပစ္စည်းများ၊အခြား လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့မှုအခြေအနေတို့ကို ရင်းနှီးစွာဆွေးနွေးကြောင်း သိရသည်။

(က-ပ)

မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ရေလယ်ကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒဝံသက ငွေကျပ်ငါးသောင်း၊ ဗိုလ်ချုပ်လမ်းနေ ဦးမောင်လှိုင်-ဒေါ်စောလှမိသားစုတို့က ငွေကျပ်သုံးသိန်း၊ အောင်သဇင် ဗိုလ်ချုပ်လမ်းနေ ဒေါ်တင်အေးက ငွေကျပ်သုံးသောင်း စုစုပေါင်း လှူဒါန်းငွေကျပ် ၃၈၀၀၀၀ ကို နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ဇွန် ၂ရက်က လှူဒါန်းရာ နာရေးကူညီမှုအသင်း(ရန်ကုန်) ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးနှင့် ဘဏ္ဍာရေးအဖွဲ့ဝင် အတွင်းရေးမှူး ဒေါ်ဌေးဌေးနိုင်တို့က လက်ခံရယူစဉ်။ (၄၅၂)

အကျဉ်းဦးစီးဌာန ညွှန်ချုပ်ဒိုင်းစစ်တုရင်ပြိုင်ပွဲဆုပေး

ရန်ကုန် ဇွန် ၃

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တံခွန်စိုက်ဒိုင်း (၁၄)ကြိမ်မြောက် စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက အင်းစိန်မြို့ အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းတက်ရောက်အမှာစကားပြောကြားပြီး တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။ **(ယာအောက်ပုံ)**

အခမ်းအနားသို့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်ပြီး တာဝန်ရှိသူများက အသင်းလိုက်ပထမဆုရ မန္တလေးတိုင်းထောင်အုပ်စုအသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း ထောင်အုပ်စုအသင်း၊ တတိယဆုရ ညွှန်ကြားရေးမှူးချုပ်ရုံး အသင်းတို့အားလည်းကောင်း၊ တစ်ဦးချင်းအကောင်းဆုံးဆုရ အားကစားသမားလေးဦးအား လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (က-ပ)

မေ ၃၀ ရက်က အထက(၁) လသာ ဗဟိုစံပြခန်းမဆောင်၌ ကျင်းပသော ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် မြို့နယ် ကျောင်းအပ်နှံရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ ပစ္စည်းများပေးအပ်စဉ်။ (၅၉)

တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည် ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် အပြိုင်ဝင်လာ

တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည် ဇာတ်ကားမှ ဒွေးနှင့် ထက်ထက်မိုးဦး။

ရန်ကုန် ဇွန် ၃

ယခုသောကြာပတ်တွင် နွယ်မျိုးထွဋ်၏ဝတ္ထုကို ဒါရိုက်တာ မလိခစိုးထိုက်အောင် ရိုက်ကူးပြီး ဒွေး၊ ထက်ထက်မိုးဦး၊ ရဲအောင်နှင့် အောင်လွင်တို့ ပါဝင်ထားသည့် **'တစ်ခါတစ်ရံ၌ အချစ်သည် ဤသို့ဖြစ်တတ်သည်'** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် တစ်ပြိုင်တည်း ဝင်လာသည်။

ဤဇာတ်ကားတွင် ကောင်းမြတ်(ဒွေး)သည် အလုပ်တစ်ခုလုပ်ပြီး ကွန်ပျူတာပညာရပ်ကို လေ့လာလိုက်စားရန် ရန်ကုန်သို့လာခဲ့သည်။ ပေရယ်(ထက်ထက်မိုးဦး)သည် ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသော ဝန်ထမ်းတစ်ဦးဖြစ်သည်။ တစ်နေ့သူတို့နှစ်ဦးဆုံတွေ့မိသည့်အဖြစ်က လူများပြည့်နေသော ကော်ဖီဆိုင် တစ်ဆိုင်တွင် ထိုင်ခုံလွတ်တစ်ခုတည်းအား ပေရယ်က နေရာယူမည်အပြု ကောင်းမြတ်အရင်ထိုင်ဖြစ်သွား၍ ပေရယ်အောင့်သက်သက်ဖြစ်သွားရသလို၊ နောက်တစ်ကြိမ် ဘတ်စ်ကားပေါ်၌ ထိုင်ခုံလွတ်တစ်ခုကို လုထိုင်ရာ ကောင်းမြတ်ကပင် လက်ဦးသွား၍ ကောင်းမြတ်အပေါ် ဒေါသယမ်းအိုး ပေါက်ကွဲခဲ့လေသည်။

မတည့်အတူနေ ဆိုသလို ဆုံမည့်ဆုံတော့ ကုမ္ပဏီတစ်ခုတည်းတွင် လာဆုံဖြစ်ပြန်သည်။ လုပ်ငန်းများအတူတွဲလုပ်ကိုင်ရသဖြင့် ပေရယ်က နည်းအမျိုးမျိုး သုံး၍ အနိုင်ယူသလို ကောင်းမြတ်တစ်ယောက် အမြဲအရှုံးပေးရသည်။

ကောင်းမြတ်၏ အလိုလိုက် အနွံတာခံ ဆက်ဆံမှုကြောင့် ပေရယ်၏ နှလုံးသားတွင် အထင်ကရ နေရာယူလာခဲ့သည်။ သို့သော် ပေရယ်တွင် မမျှော်လင့်ဘဲ ပျောက်ကွယ်သွားသည့် အချစ်ဟောင်းအပေါ်ပေးခဲ့သည့် ကတိစကားကြောင့် ကောင်းမြတ်ကို မေ့ပစ်ဖို့ အမျိုးမျိုး ကြိုးစားသော်လည်း အချစ်ဆိုသည့်အရာက ဆန်းကြယ်သည် ဆိုရလောက်အောင် ဖြစ်ခဲ့ရသည်။

သူမ၏ အနိုင်ယူမှု၊ သည်းမခံနိုင်အောင် ပြုမူမှုများ၊ နာကြည်းနိုင်လောက်သည့် အပြုအမူများ ပြုလုပ်မိသော်လည်း သူမအပေါ် ငြိုငြင်မှုကို ဥပေက္ခာပြုကာ နားလည်မှုရှိပြီး အနွံတာခံတတ်သည့် အချက်များကပင်လျှင် မေ့ပစ်လို့မရအောင် တစ်စတစ်စ သံယောဇဉ် ပိုခဲ့ရသည်။

ထိုအဖြစ်အပျက်များကပင်လျှင် အချစ်သည် တစ်ခါတစ်ရံ ဤသို့ဖြစ်တတ်သည်ဆိုသည့် သာဓကပြဆိုနေသည့် ခံစားမှု ရသစုံပါဝင်သော အချစ်ဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

ဒါရိုက်တာ Clark Johnson ရိုက်ကူးပြီး Colin Farrell, Samuel L.Jack တို့ ပါဝင်သရုပ်ဆောင်ထားသော **S.W.A.T** ဇာတ်ကား နေပြည်တော်ရုံတွင် တင်ဆက်ထားသည်။

သုခမိန် ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်တင်ဆက်ပြီး ဒါရိုက်တာ ဇာဂနာ ရိုက်ကူးသည့် **ဘာအရေးကြီးဆုံးလဲ ဇာတ်ကား** ရွှေဆောင်ရုံတွင် ဆက်လက် ပြသလျက်ရှိသည်။ ဒါရိုက်တာ-ဓာတ်ပုံ အဏ်ထော်ဏီ(မော်လမြိုင်) ရိုက်ကူးပြီး သူထူးစံ၊ နေတိုး၊ ကျော်ဇောဟိန်း၊ ဝေယံ၊ မျိုးစန္ဒီကျော်တို့ ပါဝင်ထားပြီး အဝေးတစ်နေရာ ရောက်ခါမှ မိဘမေတ္တာကို ပြန်လည် တမ်းတသတိရမိသည့် **'ခရောင်းလမ်းမှ အပြန်'** မိဘမေတ္တာဖွဲ့ ဒီဗွီဒီ ဗီဒီယို ပညာပေးဇာတ်ကား နဝဒေး၊ စံပြ၊ မြို့ဂုဏ်ရောင် တို့တွင် တင်ဆက်ထားသည်။

ခရောင်းလမ်းမှအပြန် DVD ဇာတ်ကားမှ မျိုးစန္ဒီကျော်။

ဒါရိုက်တာ K.S Adhiyaman ရိုက်ကူးပြီး သရုပ်ဆောင် Shan Rukh Khan, Salman Khan, Madhuri Dixit တို့ပါဝင်ထားသည့် **Hum Tumhare Hain Sanam** ဇာတ်ကား ဘုရင်ရုံတွင် ပြသမည်ဖြစ်သည်။

ရုပ်ရှင်သတင်းထောက်

နေပြည်တော်ရုံတွင် တင်ဆက်ထားသည့် S.W.A.T ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ဒါရိုက်တာ ကုသိုလ် ရိုက်ကူးပြီး လွင်မိုး၊ နန္ဒာလှိုင်၊ လှအဉ္ဇလီတင့်၊ ညွန့်ဝင်းနှင့် ချိုပြုံးတို့ ခေါင်းဆောင်ပါဝင်သော **ကောင်းခြင်း ခုသည်ချိန်ခါ** ဒီဗွီဒီဇာတ်ကား ရွှေဂုန်ရုံတွင် ပြသလျက် ရှိသည်။ ။ **(မြန်မာ့အလင်း)**

Mission Impossible ဇာတ်ကား မြို့မရုံဝင်လာ

ဒါရိုက်တာ Briam De Palma ရိုက်ကူးပြီး Tom Cruise, Jon Voight, Emmanuelle Beart ပါဝင်သရုပ်ဆောင် ထားသည့် Mission impossible ဇာတ်ကား မြို့မအဆင့်မြင့်ရုံတွင် ရုံဝင်လာသည်။

(မြန်မာ့အလင်း)

ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းနှင့် ဖြူးရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင် စစ်ဆေး

ရန်ကုန် ဇွန် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့လိုက်ပါလျက် ဇွန် ၁ ရက် ညနေပိုင်းတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး အလယ်ရိုးမပေါ်တွင် ဆည်မြောင်း ဦးစီးဌာနက ဆောင်ရွက်နေသည့် ရဲနွယ်ရေလှောင် တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး ရေလွှဲဥမင်လုပ်ငန်းပိုင်းနှင့် ဆောင်ရွက်ဆဲ ပင်မတမံရေပိုလွှဲတည်ဆောက်နေမှုလုပ်ငန်းများကို ရေဝပ်ဧရိယာဖြစ်လာသည့်ရေလှောင်တမံအတွင်းပိုင်းမှ စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်လှေဖြင့် ပင်မတမံတည်ဆောက်နေမှုကို သွားရောက်စစ်ဆေးရာ တည်ဆောက်ရေး ညွှန်ကြားရေးမှူးက ရေလွှဲဥမင်မှ ရေလွှဲထုတ်နိုင်မှုကြောင့် ရဲနွယ်ချောင်းကို အပြီးသတ်ပိတ်ပြီးနိုင်မှု၊ရဲနွယ်ချောင်းပေါ်တွင် ပင်မတမံကို သတ်မှတ်အမြင့်ပိုင်းရောက်ရှိအောင် တည်ဆောက်နေမှုတို့ကို ပြသရှင်းလင်းသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ဖြူးမြို့နယ်တွင် တည်ဆောက်နေသော ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်းသို့ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)ညွှန်ကြားရေးမှူးဦးမောင်မောင်တင်က ပင်မတမံတည်ဆောက်နိုင်ရန် ရေလွှဲဥမင်ဖောက်လုပ်မှု လုပ်ငန်း၊ ရေပိုလွှဲအုကြောင်း ရှင်းလင်းမှု၊ မြေကြီးတူးဖော်မှုလုပ်ငန်းနှင့် ပင်မတမံအတွက် လိုအပ်သော ကျောက်ကြီးများကို ကျောက် ထုတ်လုပ်သည့် ကျောက်ကွင်း၌ ထုတ်လုပ်ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှ တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုပြီး တည်ဆောက်ရေး အင်ဂျင်နီယာများနှင့် ရေလွှဲဥမင်တည်ဆောက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းပိုင်းများကို ဆွေးနွေးသည်။

ဆက်လက်၍ဝန်ကြီးသည် ရေလွှဲဥမင်အဝင် တည်ဆောက်နေသည့် ဖြူးချောင်းတစ်ဘက်ကမ်းသို့ ကြိုးတံတားမှဖြတ်ကူး၍သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားဟောကြားမည်

ရန်ကုန် ဇွန် ၃

မြသီတာသင်္ကန်းတိုက်၏ တရားအလှူပွဲအဖြစ် ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိကျောင်းတိုက်၌ ဇွန်၅ရက် ည၇နာရီတွင်ဓမ္မဒူတ အရှင်ဆေကိန္ဒ(ကထိက၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃

၂၀၀၄ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယ အလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co., Ltd.တို့ ပူးပေါင်း၍ ဇွန် ၂၆ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မ လမ်းရှိ Myanmar Convention Centreတွင် ကျင်းပမည်ဖြစ်ရာ အသက် ၂၁ နှစ်နှင့်အထက် အမျိုးသား/အမျိုးသမီး အကြီးတန်းပြိုင်ပွဲ အသက် ၂၁နှစ်အောက် အမျိုးသား/အမျိုးသမီးအငယ်တန်းပြိုင်ပွဲ၊ အသက် ၅၀ နှစ်နှင့်အထက် သက်ကြီးတန်း အမျိုးသားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အသက် ၂၁ နှစ်နှင့်အထက် အမျိုးသမီးအကြီးတန်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အရပ် ၅ပေ ၃လက်မနှင့်အထက် ရှိရမည်ဖြစ်ပြီး အသက် ၂၁ နှစ်အောက် အမျိုးသမီး အငယ်တန်း ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အနိမ့်ဆုံး အရပ် ၅ပေ ၂ လက်မရှိရမည် ဖြစ်သည်။ ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း တင်ပြနိုင်သူဖြစ်ရမည်။

ပြိုင်ပွဲဝင်လိုသူများသည် မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ဌာနမှူး ဦးကျော်သန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အားကစားစခန်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကာယဗလအားကစားစခန်း တာဝန်ခံ ဦးဝင်းကြည်တို့သို့ ဇွန် ၂၃ ရက် ညနေ ၄ နာရီ နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြသည်။ ပြိုင်ပွဲဝင်များ အသက်စစ်ဆေးခြင်း၊ အတန်းခွဲခြားခြင်း၊ အမျိုးသမီးများ ဆေးစစ်ခြင်း၊ အရပ်တိုင်းတာခြင်း၊ မှတ်တမ်းယူခြင်းများကို ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်အားကစားစခန်း၌ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❒ ကျောဖုံးမှ

လျက်ရှိရာ အချောသတ် အဆင့်သို့ ရောက်ရှိနေကြပြီဖြစ်သည်။ ယမန်နေ့က ယှဉ်ပြိုင်ကစားသော ခြေစမ်းပွဲစဉ်များတွင် နာမည်ကြီးဂျာမနီအသင်းက ဆွစ်ဇာလန်အသင်းကိုလည်းကောင်း၊ ချက်အသင်းက ဘူဂေးရီးယားအသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။

ဂျာမနီနိုင်ပွဲဆက်

အုပ်စု(ခ)မှဆွစ်ဇာလန်နှင့် အုပ်စု(ဃ)မှ ဂျာမနီတို့ ဇွန် ၃ ရက်က ဆွစ်ဇာလန်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ဂျာမနီက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဂျာမနီအသင်းအတွက် ကူရာညီက ၆၁ မိနစ်နှင့် ၈၄ မိနစ်တို့တွင် နှစ်ဂိုး ဆက်တိုက်သွင်းယူပြီး ဆွစ်ဇာလန်အတွက် ဘာနာက ၈၇ မိနစ်တွင် ချေပဂိုးတစ်ဂိုးသွင်းယူပေးသည်။ ဂျာမနီသည် မော်လတာကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီးနောက် နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ဇွန် ၆ ရက်တွင်ဆွစ်ဇာလန်က လက်ချင်စတိန်းနှင့်လည်းကောင်း၊ ဂျာမနီက ဟန်ဂေရီနှင့်လည်းကောင်း အိမ်ကွင်းမိမိတို့ပရိသတ်ရှေ့မှောက်၌ နောက်ဆုံး ခြေစမ်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ချက်အနိုင်ရ

ဇွန် ၃ ရက်က ချက်နိုင်ငံ၌ ယှဉ်ပြိုင်ကစားသော အုပ်စု(ဃ)မှ ချက်အသင်းနှင့် အုပ်စု(ဂ)မှဘူဂေးရီးယားအသင်းတို့ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် ချက်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ ချက်အသင်းအတွက် ၅၄ မိနစ်တွင် မီလန်ဘားရို့စ်က ပထမဂိုး၊ ၇၄ မိနစ်တွင်ဂျာရိုဆလပ်မ်ပလာစီကဒုတိယဂိုးနှင့်၈၄ မိနစ်တွင်ရိုဆစ်စကီးက တတိယဂိုးသွင်းယူပေးသည်။ ဘူဂေးရီးယား အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီးတွင်မီလန်ပက်ကော့ဗ်က သွင်းယူခြင်းဖြစ်သည်။ နှစ်သင်းစလုံး၌လူစုံတက်စုံ ပါဝင်ကစားသွားပြီး ချက်အသင်းက အုပ်စုပြိုင်ဘက်ဟော်လန်နှင့်ဂျာမနီကို စိန်ခေါ်နိုင်သည့်ခြေစွမ်းမျိုးပြသသွားခဲ့သည်။ချက်အသင်းသည် ဇွန်၆ ရက်တွင်အက်စ်တိုးနီးယားနှင့်အိမ်ကွင်းမိမိပရိသတ်ရှေ့မှောက်၌ နောက်ဆုံး ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

အပြီးသတ်လူစာရင်း

ယူရို ၂၀၀၄ ပြိုင်ပွဲအသင်းများသည် မူလစီစဉ်ထားသည့် အတိုင်း ဇွန် ၃ရက်တွင် အပြီးသတ် ၂၃ ဦး လူစာရင်းကိုအသီးသီးထုတ်ပြန်ကြေညာလျက်ရှိကြသည်။ အပြီးသတ် လူစာရင်းထုတ်ပြန်ကြေညာပြီးဖြစ်သည့် အသင်းများအနက် အင်္ဂလန်၊ ဆွစ်ဇာလန်၊ ခရိုအေးရှားနှင့် စပိန်တို့ပါဝင်လာသည်။ ကျန်အသင်းများလည်း ရက်ပိုင်းအတွင်းထုတ်ပြန်ကြေညာရန်ရှိရာ ၁၆ သင်းစလုံး၏လူစာရင်းကို မကြာမီ ဂဃနဏ သိရှိခွင့်ရရှိကြမည်ဖြစ်သည်။ ယခုထွက်ပေါ်လာသော အသင်းများ၏ လူစာရင်းများအရ ဘောလုံးဝါသနာရှင်များ အံ့အားသင့်ရလောက်သည့် အပြောင်းအလဲမျိုးမရှိခဲ့ပေ။ထိခိုက်ဒဏ်ရာရရှိသူများမှလွဲ၍ မူလထင်မှတ်ထားသူများအားလုံးနီးပါး ပါဝင်လာကြသည်ကို တွေ့ရသည်။

အင်္ဂလန်အသင်း

ဘောလုံးဝါသနာရှင်များ သိလိုစိတ်ပြင်းပြလျက်ရှိသော ဘောလုံးအားကစားနည်းစတင်ပေါ်ပေါက်ရာ အင်္ဂလန်အသင်း၏ အပြီးသတ် ၂၃ ဦး လူစာရင်းကို ဆွီဒင်လူမျိုးနည်းပြဆရာ ဆဗင်ဂိုရန်အဲရစ်ဆင်က ဇွန် ၃ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အင်္ဂလန်အသင်းတွင်**(ဂိုး)** ဒေးဗစ်ဂျိမ်း(မန်စီးတီး)၊ ရော်ဘင်ဆင်(တော့တင်ဟမ်)၊အီယန်ဝေါလ်ကာ(လက်စတာ)၊ **(နောက်တန်း)** ဂယ်ရီနဗီးလ်(မန်ယူ)၊ ဖီးနဗီးလ်(မန်ယူ)၊ ဂျွန်တယ်ရီ(ချယ်လ်ဆီး)၊ ဝိန်းဘရစ်ချ်(ချယ်လ်ဆီး)၊ လက်ဒလေကင်း(တော့တင်ဟမ်)၊ ကာရာဂါ(လီဗာပူး)၊ ဆိုးကမ်းဘဲလ် (အာဆင်နယ်)၊ အက်ရှ်လေကိုးလ်(အာဆင်နယ်)၊ **(အလယ်တန်း)** ဒေးဗစ်ဘက်ခမ်း(ရီးယဲမက်ဒရစ်)၊နစ်ကီဘတ်(မန်ယူ)၊စတီဗင်ဂျာရတ် (လီဗာပူး)၊ အိုဝင်ဟားဂရေ့ဗ်(ဘိုင်ယန်မြူးနစ်)၊ ဖရန့်လမ်းပတ်(ချယ်လ်ဆီး)၊ ဂျိုးကိုးလ်(ချယ်လ်ဆီး)၊ ကီယွန်ဒိုင်ယာ(နယူးကာဆယ်)၊**(ရှေ့တန်း)**မိုက်ကယ်အိုဝင်(လီဗာပူး)၊ဝိန်းရွန်နီ (အဲဗာတန်)၊ ဟက်စကီး (ဘာမင်ဂမ်)၊ ဗက်ဆဲလ် (အက်စတွန်ဗီလာ)တို့ ဖြစ်ကြသည်။

အင်္ဂလန်လက်ရွေးစင်အသင်း၏ ပထမဦးစားပေး တိုက်စစ်မှူးတစ်ဦးဖြစ်သူ မိုက်ကယ်အိုဝင်အား လေ့ကျင့်ရေးစခန်း၌ ဤသို့ပျော်ရွှင်စွာ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

စပိန်အသင်း

အုပ်စု(က)တွင် အိမ်ရှင် ပေါ်တူဂီနှင့် အတူပါဝင်လျက်ရှိပြီး ဗိုလ်စွဲရန် ရေပန်းစားသည့်အသင်းများထဲတွင် တစ်သင်းအပါအဝင်ဖြစ်သည့် စပိန်အသင်း၏ အပြီးသတ်လူစာရင်းကို မကြာသေးခင် ရက်ပိုင်းအတွင်းကမှ ၂၀၀၆ ခုနှစ်အထိ တာဝန်ယူရန် စပိန်ဘောလုံးအဖွဲ့ချုပ်နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သူ နည်းပြ အီနာကီဆာရက်ဇ်က ထုတ်ပြန်ကြေညာလိုက်သည်။

စပိန်အသင်းတွင် **(ဂိုး)** အိုင်ကာကားဆီးလတ်စ်(ရီးယဲမက်ဒရစ်)၊ကန်နယ်ဇာရက်စ်(ဗလန်စီယာ)၊ အာရန်ဇူဘာ(ဘီလ်ဘို)၊**(နောက်တန်း)**ကားလို့မာချီနာ(ဗလန်စီယာ)၊ကားလို့စ်ပူယိုးလ်(ဘာစီလိုနာ)၊ ရာအူးလ်ဘရာဗို(ရီးယဲမက်ဒရစ်)၊ ဆီဇာမာတင်(ဒီပို့တီဗို)၊ အိုင်ဗင်ဟယ်ဂွဲရား (ရီးယဲမက်ဒရစ်)၊ ကက်ဒီဗီလာ(ဒီပို့တီဗို)၊ ဂူတီရက်ဇ်(ရီးယဲဘက်တစ်)ဂါဘာရီကာဆီ(ဘာစီလိုနာ)၊ **(အလယ်တန်း)** ဒေးဗစ်အဘယ်လ်ဒါ (ဗလန်စီယာ)၊ ဘာရာဟာ (ဗလန်စီယာ) ဗယ်လာရွန်(ဒီပို့တီဗို)၊ ဗင်းဆင့်တေး(ဗလန်စီယာ)၊ ဂျိုးကွင်းဆန်းချက်(ရီးယဲဘက်တစ်)၊ ဇာဗီအလွန်ဆို (ရီးယဲ ဆိုစီဒက်)၊ ဇာဗီဟာနန်ဒက်(ဘာစီလိုနာ)၊ ဂျိုစီဘာ(ဘီလ်ဘို)၊**(ရှေ့တန်း)**ဖာနန်ဒိုမိုရီယင်တေး(မိုနာကို)၊ ရာအူးလ်ဂွန်ဇာလက်(ရီးယဲမက်ဒရစ်) ၊ဖာနန်ဒိုတောရက်စ် (အက်သလေတီကို)၊ အဲလ်ဘတ်လုကေး(ဒီပို့တီဗို)တို့ပါဝင်ကြသည်။

ခရိုအေးရှားအသင်း

အုပ်စု(ခ)၌ပါဝင်နေပြီး ကော်ကောင်ဖြစ်နိုင်သော ခရိုအေးရှားအသင်း၏အပြီးသတ်လူစာရင်းကို နည်းပြဆရာ အော့တိုဘာရစ်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ ခရိုအေးရှားအသင်းတွင် **(ဂိုး)** တိုမီဆလက်ဗ်ဘူတီနာ၊စတီပလက်တီကိုဆာ၊ ဂျိုးဆက်ဗ်ဒီဒူလီကာ၊ **(နောက်တန်း)** ရောဗက်ကိုဗက်၊ ဒါရီယိုဆီမစ်၊ ဂျိုဆစ်ဆီမြူနစ်၊ စတီယာပန်တိုမတ်စ်၊ အီဂေါတူဒေါ၊ ဘောရစ်ဇင်ကိုဗစ်၊ မတ်တိုနီရက်ဂျက်၊မာရီယိုတိုကစ်၊ **(အလယ်တန်း)** မာကိုဗာပစ်၊ နစ်ကိုကိုဗက်၊ ဂျာကိုလီကို၊ ဂျီအိုဗန်နီရော့ဆို၊ ဒါရီယိုဆာနာ၊မီလန်ရက်ပစ်၊ နီနက်ဂျီလီကာ၊ **(ရှေ့တန်း)** ဒါတိုပါဆို၊ တိုမီဆလက်ဗ်ဆိုကိုတာ၊ အိုင်ဗီကာမိုနာ၊ အိုင်ဗီကာအိုလစ်ဗ်၊ အိုင်ဗန်ကလာစနစ်ချ်တို့ပါဝင်ကြသည်။

ဆွစ်ဇာလန်အသင်း

အုပ်စု(ခ)၌ပါဝင်ပြီး ဖျက်မြင်းအဆင့်ရှိသော ဆွစ်ဇာလန်အသင်း၏အပြီးသတ် လူစာရင်းကို နည်းပြဆရာ ကိုဘီခန်းက ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ ဆွစ်ဇာလန်အသင်းတွင် **(ဂိုး)** ဖားဘရိုက်စ်ဘိုရာ၊ ဂျော့စတိုင်ရယ်၊ဇူပါဘူလာ၊**(နောက်တန်း)** ဘရူနိုဘာနာ၊ ဘန့်တ်ဟတ်စ်၊ ဟန်ချော့ဇ်၊ လူဒိုဗစ်မဂ္ဂနင်၊ ပက်ထရစ်မူလာ၊ စပီချာ၊ မူရက်ယာကင်၊ မာကိုဇဝစ်ဆစ်၊ **(အလယ်တန်း)**ကာဗာနပ်စ်၊ ဘယ်လ်စ်တီနီ၊ ဟတ်ဂယ်လ်၊ ဂျိုဟန်လွန်ဖတ်၊ ဂျိုဟန်ဗိုဂယ်၊ ဝစ်ကီ၊ ဟာကန်ယာကင်၊ **(ရှေ့တန်း)** ချာပူဆက်၊ ဘလက်ဘန်းဒါးဖရေး၊ ဒယ်နီရယ်ဂီဂတ်ရှ်၊ ဗီလာယံရာမာ၊ ယိုဟန်ဗိုလန်တန်တို့ ပါဝင်ကြသည်။

ရုရှားအသင်းခေါင်းဆောင်

အုပ်စု(က)၌ ပါဝင်လျက်ရှိသော ရုရှားအသင်း၏ အသင်းခေါင်းဆောင် အသက် ၃၄ နှစ်အရွယ်ရှိ အိုနော့ဗ်ကိုသည် ဒူးဒဏ်ရာကြောင့် ယူရို ၂၀၀၄နှင့် လွဲသွားရပြန်ပြီ ဖြစ်သည်။ အိုနော့ဗ်ကိုသည် ဆေတန်ကလပ်အသင်းမှဖြစ်ပြီး ရုရှားအသင်းအတွက် အားထားရသော အတွေ့အကြုံရင့် နောက်တန်းအတွင်း လူတစ်ဦးဖြစ်သည်။

ရုရှားအသင်း၏ အထွေထွေမန်နေဂျာ အလက်ဇန်းဒါးချာနော့ဗ်က အိုနော့ဗ်ကိုအနေဖြင့် အပြီးသတ်လူစာရင်းတွင် ပါဝင်ရန် မဖြစ်နိုင်သောကြောင့် အိမ်ပြန်ရဖွယ် ရှိကြောင်း၊ မိမိတို့အနေဖြင့် အိုနော့ဗ်ကို၏ ဒူးဒဏ်ရာ သက်သာလာရေးအတွက် အစွမ်းကုန် ကြိုးစားခဲ့ကြောင်း၊ သို့သော် လက်ရှိအနေအထားအရ ပါဝင်ရန် မဖြစ်နိုင်တော့ကြောင်း ပြောကြားသည်။ ။

(မြန်မာ့အလင်း)

ယူရို ၂၀၀၄ ပြိုင်ပွဲဝင်မည့် အင်္ဂလန် လက်ရွေးစင်အသင်း၏ နည်းပြဆရာ ဆဗန်ဂိုရန်အဲရစ်ဆင်နှင့် လက်ထောက်နည်းပြဆရာတော့ဂရစ်တို့အား လေ့ကျင့်ရေးကွင်း၌ အသင်း၏ နည်းဗျူဟာများ ဆွေးနွေးတိုင်ပင်နေသည်ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

အဆင့်မြင့်တန်းကွင်းပိတ်ဘောလုံးပြိုင်ပွဲဆက် စွမ်းအင်အသင်း အကြိုဗိုလ်လုပွဲတက်

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက တပ်မတော်(ကြည်း) အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စွမ်းအင်အသင်းအတွက် အနိုင်ဂိုးများကို ၁၀ မိနစ်တွင် နိုင်ဝင်းက ပထမဂိုး၊ ၃၅ မိနစ်တွင် ကျော်မျိုးဟန်က ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ဒုတိယဂိုး၊ မိနစ် ၆၀ တွင် နိုင်ဝင်းက တတိယဂိုး၊ မိနစ် ၈၀ တွင် နိုင်ဝင်းက စတုတ္ထဂိုး သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို စွမ်းအင်အသင်းမှ ကျော်မျိုးဟန်က ရရှိသည်။

စွမ်းအင်အသင်းသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ရာ ဆောက်လုပ်ရေးအသင်းကို အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော သစ်တောရေးရာအသင်းနှင့် ဇွန် ၇ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယနေ့ပွဲ

ဇွန် ၄ ရက်(ယနေ့)ညနေ ၃ နာရီခွဲတွင် လှူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ လယ်ယာ/ဆည်မြောင်း အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

၄၈ ကီလိုသက်ငယ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် (ဝဲမှယာ) မြင့်မြတ်ကို (စစ်ကိုင်း)၏ ဘယ်ပင့်လက်သီး ဖြိုးလင်းထွန်း(ကယား)၏ အရှိုက်ကို ထိမိထားစဉ်။

(မြန်မာ့အလင်း)

အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများဆက်

ရန်ကုန် ဇွန် ၃

၂၀၀၄ခုနှစ် ဒုတိယအကြိမ် အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် ပြည်နယ်နှင့်တိုင်း သက်ငယ်တန်း(ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ယနေ့ညနေ ၃နာရီက အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ဆက်လက်ကျင်းပရာ အလဲထိုး၊ ဒိုင်ပွဲရပ်များ အပါအဝင် ပွဲပေါင်း ၂၁ ပွဲ ယှဉ်ပြိုင်ကြသည်။ ယှဉ်ပြိုင်ရက် သုံးရက်တွင် ၆၃ ပွဲပြီးဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်မည်

ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်များတွင် အကြိုဗိုလ်လုပွဲများ ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲများကို ဇွန် ၉ ရက်နှင့် ၁၀ ရက်များတွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲများ ဆက်လက်ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အများသိစေရန်ကြေညာချက်

ကျွန်တော်များ၏ မိတ်ဆွေကရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် (၁)ရပ်ကွက်၊ ၄၉ လမ်း၊ အမှတ် ၇၃/၇၅ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့်ယင်းတည်ရှိရာမြေဖြစ်သည့် ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀အိုင်ပြ) တတိယတန်းစားမြေ၊ မြေကွက်အမှတ်–III- ၂၊ ဧရိယာ ၀.၁၁၀၆၆ (စတုရန်းပေ–၂၇၆၀)ရှိနှစ် ၆၀ မြေငှား အမျိုးအစား မြေကွက်၊ မြေကွက်ကို အမည်ပေါက်ပိုင်ရှင် ဦးကျော်ထင်၁၂/ပဇတ(နိုင်)၀၃၁၀၀၂ထံမှ လွှဲပြောင်းဝယ်ရန် ၂–၆–၂၀၀၄ ရက်တွင် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်တော်များထံ ဆက်သွယ်တင်ပြနိုင်ပါသည်။ သတင်းစာတွင် ဖော်ပြပါရှိသည့် နေ့ရက်မှ ၁၄ ရက်အတွင်းကန့်ကွက်သူမရှိပါက လွှဲပြောင်းရောင်းဝယ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်စိုး — **တရားရုံးချုပ်ရှေ့နေ**

ဦးအေးကို — **အထက်တန်းရှေ့နေ**

အခန်း ၁၆/ဘီ(ပထမထပ်) အမှတ် ၅၅၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စီးပွား/ကူးသန်းဘောလုံးအသင်းများ သုံးပွင့်ဆိုင်ခြေစမ်းပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃

၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဘောလုံးပြိုင်ပွဲများ၌ ယှဉ်ပြိုင်ရန်ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားရှိသော စီးပွား/ကူးသန်း(က)ဘောလုံးအသင်း၊ လယ်ယာထွက်ကုန် ဘောလုံးအသင်း၊ စီးပွား/ကူးသန်း(ခ) ဘောလုံးအသင်း၊ တို့၏ သုံးပွင့်ဆိုင်ခြေစမ်းပွဲကို ဇွန် ၅ရက်၊ ၇ ရက်နှင့် ၉ရက်တို့တွင် စမ်းချောင်းမြို့နယ် ပဒုမ္မာ အားကစားကွင်း၌ကျင်းပမည်ဖြစ်သည်။

ကစားရမည်

အဆိုပါ ခြေစမ်းပွဲအပြီးတွင် စီးပွား/ကူးသန်း (က)အသင်း၊ လယ်ယာထွက်ကုန် အသင်းနှင့် စီးပွား/ကူးသန်း(ခ) အသင်းတို့ကို ပြန်လည် ဖွဲ့စည်းသွားမည်ဖြစ်သည်။ ၂၀၀၄–၂၀၀၅ ခုနှစ်ဘောလုံးရာသီတွင် စီးပွား/ကူးသန်း(က)အသင်းနှင့်လယ်ယာထွက်ကုန်အသင်းတို့ အဆင့်မြင့်တန်း၌လည်းကောင်း၊ စီးပွား/ကူးသန်း(ခ)အသင်းက ပထမတန်း၌လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အရေအတွက်

စီးပွား/ကူးသန်းမှ ဘောလုံးအသင်း သုံးသင်းစလုံး အဆင့်မြင့်တန်း၌အဆင့်မြင့်မြင့် ရပ်တည်ယှဉ်ပြိုင်သွားရန်နှင့် နိုင်ငံ့ကိုယ်စားပြု မြန်မာ့လက်ရွေးစင် ဘောလုံးသမားများကို အရေအတွက်များများမွေးထုတ်ပေးရန် ရည်ရွယ်ချက်ထားကာ ယခုကဲ့သို့ သုံးပွင့်ဆိုင် ခြေစမ်းပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန် မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်း သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်စန်းစန်းဌေးက ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်ရီရီမာသို့ ဇွန်၃ရက်က ပညာသင်ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (၀၄၆)

စူပါသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇွန် ၃

စူပါဖြစ်ပြန်တော့ အဘက်ဘက်က သတိထားနေထိုင်ရတယ်ဆိုတဲ့ ပပဝင်းခင်၊ ထိတ်လန့် ချောက်ချားစရာအသွင်နဲ့ အွန်စောသရဲကား၊ မလေးရှားတွေနဲ့ လက်တွဲမြဲနေတဲ့ လူမင်း၊ ဟာသသမားက ရယ်ချင်ရင် လာမကြည့်နဲ့ဆိုတော့၊ ကော်နီနှင့် သူ့ဘဝ သူ့အတွေး သူ့အနုပညာ၊ သဘောကောင်းတဲ့ မမိုး၊ ဇာနည်နဲ့ ကြည်လဲ့လဲ့ဦးတို့ရဲ့ မင်္ဂလာဆွေ့ခံပွဲနဲ့ ညစာစားပွဲ၊ ဗီဒီယိုရုပ်ရှင် စူပါဖြစ်လျှင်(၅)၊ ယုဇနရဲ့ ပဋိပက္ခ၊ ရွှေထိုက် ခင်ဘုဏ်းရဲ့သီချင်းလေး၊ ချောင်ယွန်ဖက်ရဲ့ အနုပညာဖြတ်သန်းမှု၊ လက်တွဲဖြုတ်လိုက်ကြတဲ့ အက်တိုမစ်ကစ်တင် အမျိုးသမီးတေးဂီတအဖွဲ့ အပါအဝင် ရုပ်ရှင်မင်းသမီးအဆိုတော်တင့်တင့်ထွန်း၏ စူပါရောင်စုံ ဓာတ်ပုံတို့ဖြင့် ပြည်တွင်းပြည်ပ စူပါအနုပညာသမားတို့၏ ဘဝကောက်ကြောင်းများကို ဖော်ပြထားသည့် စူပါ သတင်းဂျာနယ်အား ဆင်တောင်ကြီး စာပေ အမှတ် (၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်းသိရသည်။

(က–ပ)

လေပြင်းဒဏ်ကယ်ဆယ်ရေးအတွက်အလှူငွေများပေးအပ်

ရန်ကုန် ဇွန် ၃

ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ Bridge Asia Japan မှ Associate Coordinator Ms. Akiko MORI က အလှူငွေကျပ် ၄၆ သိန်းကို ပေးအပ်လှူဒါန်းပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းခေတ္တဥက္ကဋ္ဌ ဒေါက်တာထွန်းစိန်က လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် ကိုသူရမြိုင် ၁၂/ဒဂမ(နိုင်) ၀၀၈၆၁၉နှင့် ကျွန်မ မမာယာဒေဝီ ၉/ပဥလ (နိုင်) ၀၁၁၆၇၅တို့သည် ၅–၄–၂၀၀၄ရက်တွင် ရန်ကုန်တိုင်းတရားရုံးတွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

ကိုသူရမြိုင်–မမာယာဒေဝီ။

ဦးခင်ဦးနှင့် အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာခြင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ဆင်ရေတွင်း ၂လမ်း၊ အမှတ် ၃၃နေ မမင်းမင်းလွင် ၁၄/ပသန(နိုင်)၀၃၅၉၇၄၏ လွှဲအပ်ညွှန်ကြားချက်အရဦးခင်ဦး ၁၂/လသန(နိုင်) ၀၀၉၆၆၅နှင့် အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာပါသည်။ မမင်းမင်းလွင်သည် ခင်ပွန်းဖြစ်သူ ဦးခင်ဦး၏ (၁–၆–၂၀၀၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ကြေညာသကဲ့သို့ အခြားသို့သွားရောက်ခြင်းမရှိဘဲ လက်ရှိနေအိမ်တွင်ပင်နေထိုင်လျက်ရှိပါသည်။ ဦးခင်ဦးကသာလျှင် သမီးကြီး မယမင်းထံတျာအား အတင်းအဓမ္မခေါ်ဆောင်၍ နေအိမ်မှဆင်းသွားခြင်းသာ ဖြစ်ပါသည်။ ဦးခင်ဦးနှင့် မမင်းမင်းလွင်တို့မှာ ယနေ့ထိတရားဝင် ကွာရှင်းပြတ်စဲခြင်း မရှိသေးသော ဇနီးမောင်နှံများဖြစ်၍ ဦးခင်ဦး ယူဆောင်သွားသောSunny Super Saloon အဖြူရောင် အ/၈၄၆၃နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)၄၂တိုးချဲ့တွင် မမင်းမင်းလွင် အမည်ဖြင့် ဝယ်ယူထားသောမြေကွက် (၂၉၆)(၂၉၇)(၂၉၈) တို့သည်လည်း လင်မယားနှစ်ဦး ပူးတွဲပိုင်ဆိုင်သောပစ္စည်းများဖြစ်၍ မမင်းမင်းလွင်၏ တရားဝင်သဘောတူညီခြင်း မရှိဘဲ ယင်းပစ္စည်းများကို အခြားသို့ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ အမည်ပြောင်းခြင်းမပြုရန် တားမြစ်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစိုးမြင့်(LL.B) — အထက်တန်းရှေ့နေ(စဉ်–၁၃၄၃၅)

ဦးကျင်ငွေ B.A(Eng); R.L — တရားရုံးချုပ်ရှေ့နေ(စဉ်–၂၄၂၅)

Peace Myanmar Electric Co., Ltd.

ဝန်ထမ်းအလိုရှိသည်။

(မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ခန့်ထားရန်။)

၁။ Admin Manager (ဘွဲ့ရ) (ကျား) ၁ ဦး
အသက် (၃၅ – ၄၅)နှစ်၊ စီမံရေးရာနှင့် အုပ်ချုပ်မှု လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

၂။ Engineer (B.E or A.G.T.I - M.P) (ကျား) ၅ ဦး
အသက် (၂၅ – ၃၅)နှစ်၊ လေအေးပေးစက်/ ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ထိန်းသိမ်းခြင်း အတွေ့အကြုံ (၃)နှစ် ရှိရမည်။ လုပ်ငန်း ကျွမ်းကျင်မှု ရှိပါက ပညာအရည်အချင်းနှင့် အသက် လျှော့၍ စဉ်းစားမည်။

၃။ Engineer (B.E or A.G.T.I - M.P) (ကျား) ၁ ဦး
အသက် (၂၅ – ၃၅)နှစ်၊ Air Con: Design နှင့် Duct Design ကျွမ်းကျင်ပြီး Air Con: Installation & Trouble shoting အတွေ့အကြုံရှိရမည်။

၄။ Duct Engineer / Helper (ကျား) ၅ ဦး
အသက် (၂၅ – ၃၅)နှစ်၊ Duct Work ကျွမ်းကျင်မှု အတွေ့အကြုံ ၃နှစ် ရှိရမည်။ အနည်းဆုံး အခြေခံပညာ အထက်တန်းအဆင့် ရှိရမည်။

၅။ သိုလှောင်ရုံမန်နေဂျာ (ဘွဲ့ရ) (ကျား) ၁ ဦး
အသက် (၃၀ – ၄၀)နှစ်၊ စီမံခန့်ခွဲမှုနှင့် ဂိုဒေါင်လုပ်ငန်း ကျွမ်းကျင်မှုအတွေ့အကြုံ ၃ နှစ်ရှိရမည်။

၆။ ဒု - သိုလှောင်ရုံမှူး (ဘွဲ့ရ) (ကျား) ၁ ဦး
အသက် (၃၀)နှစ်အောက်၊ ကျွမ်းကျင်သော လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

၇။ ပိုက်ချိုးရေး ကျွမ်းကျင်သူ (ကျား) ၃ ဦး
သံပိုက်၊ ရေပိုက်၊ နှစ်ရှည်ပိုက် ပိုက်ချိုးခြင်းနှင့် ဂဟေဆက်၍ ကျွမ်းကျင်စွာ ပိုက်ချိုးနိုင်သော အတွေ့အကြုံရှိရမည်။

၈။ မွမ်းမံရေး ကျွမ်းကျင်သူ (ကျား) ၃ ဦး
ကြိတ်မွမ်းမံရေးပြီးတွင် လုပ်ကိုင်ခဲ့သော လုပ်ငန်းအတွေ့အကြုံရှိရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ လိုင်စင်ဓာတ်ပုံ တစ်ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ မှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားများနှင့်အတူ Peace Myanmar Electric Co., Ltd. အမှတ် ၁၀၇/၁၀၉၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့် နေ့မှ တစ်ပတ်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

မေ ၁၂ ရက်က တာချီလိတ်မြို့နယ် တာလေမြို့ တာကြန့်ကျေးရွာအုပ်စုတွင် ဖူးပွင့်ဝေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးစိုးစိုးနှင့် တာကြန့်ကျေးရွာဥက္ကဋ္ဌ ဦးလွန်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေချိုငါးပိများ ဇနေ့ဖြူမြို့နယ် စာသင်တိုက်များသို့လှူဒါန်း

ဇနေ့ဖြူ မေ ၂၈

မအူပင်ခရိုင်ဇနေ့ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ်မြို့နယ်အတွင်းရှိ စာသင်သား ရဟန်းသံဃာများနှင့် ဆရာတော်ကြီးများ ဝါတွင်းသုံးလတွင် ဆွမ်းဟင်းလျာ အထောက်အပံ့အဖြစ် မေ ၂၅ ရက်ကစတင်၍ ရေချိုငါးပိများကို ရဟန်းသံဃာ၊ ဆရာတော်များ သီတင်းသုံးသည့် စာသင်တိုက်များသို့ သွားရောက်လှူဒါန်းကြသည်။ **(အပေါ်ယာပုံ)**

ဇနေ့ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်အတွင်းရှိ စာသင်တိုက်များ ရေချိုငါးပိများလှူဒါန်းပွဲသို့မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင် ဦးဆောင်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သိန်းနှင့် အဖွဲ့ဝင်များ၊ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းထိုက်နှင့် ဝန်ထမ်းများ၊မြို့နယ်လူမှုရေးအသင်းအဖွဲ့ အမှုဆောင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သီလရှင်စာသင်တိုက် အပါအဝင် စာသင်တိုက်ပေါင်း ၁၁တိုက်သို့ ငွေကျပ်လေးသိန်းကိုးသောင်း ကျော်တန်ဖိုးရှိ ရေချိုငါးပိအချိန်ပိဿာ ၇၀၀ကျော်ကို စာသင်တိုက်များရှိ ရဟန်း သံဃာ၊ ဆရာတော်ဦးရေအလိုက် သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။ **(ဝ၈၅)**

စာရေးဝန်ထမ်းများစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဆင်း

ပခုက္ကူ မေ ၂၂

မကွေးတိုင်း ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး လေ့ကျင့်မှုသင်တန်း အမှတ်စဉ်(၃/၂၀၀၄)ဆင်းပွဲကို မေ ၁၅ရက်က ပခုက္ကူမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက အမှာစကားပြောကြားပြီး ပထမဆုရ ဒေါ်မိုးမိုးမြင့်(ဆိပ်ဖြူ)၊ ဒုတိယဆုရ ဒေါ်တင်တင်မိုး(ပေါက်)၊ တတိယဆုရ ဦးသက်အောင်(ရေစကြို)တို့က ဆုများပေးအပ်ချီးမြှင့်ပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းတင့်က ထူးချွန်ကျောင်းသား လေးဦးတို့အား အောင်လက်မှတ်များ ပေးအပ်ကြသည်။ **(၄၁၃)**

တိုင်းရင်းဆေးပညာသင်တန်း မလှိုင်၌ဖွင့်

မလှိုင် မေ ၂၅

မလှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မိတ္ထီလာခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အိမ်ရှင်မများသို့ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေး စောင့်ရှောက်မှုသင်တန်း (၁/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို မေ ၁၇ရက်က မလှိုင် အထက ရောဝတီခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူးဦးစိုးမြင့်က တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။ **(၄၁၉)**

ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ဗန်းမောက်၌ဟောပြော

ဗန်းမောက် မေ ၁၅

စစ်ကိုင်းတိုင်း ကသာခရိုင်ဗန်းမောက်မြို့နယ်အသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဟောပြောပွဲကို ဗန်းမောက်မြို့နယ် နန်းတပ်-ပေကုန်းအုပ်စု နောင်လုံကျေးရွာ၌ မေ ၁၃ရက်က ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၁)မြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲမှူးငွေလွင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမနားထန်းက ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောပြီး မြို့နယ်အသင်းအမှုဆောင် ဦးမှိုင်းညိုက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့ကိုဟောပြောရှင်းလင်းပြီးနောက် နောင်လုံကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်အတွက် ကသာခရိုင် အတွင်းရေးမှူး ဗိုလ်မှူးငွေညွှန့်နှင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ပြန်ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော မဂ္ဂဇင်းများနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း (အနောက်ပိုင်း) နတ်တလင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဧပြီ ၂၉ ရက်က လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများဆိုင်ရာ လက္ခဏာများ ကုသခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှတင်က အမှာစကားပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ် မော်ကျွန်းမြို့လုံးကျွတ်သန့်ရှင်းရေးဆောင်ရွက်

မော်လမြိုင်ကျွန်း မေ ၃၀

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်သောအားဖြင့် မြို့လုံးကျွတ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို မေ ၂၅ရက်က မြို့မရပ်ကွက်(၁၃)ရပ်ကွက်တို့တွင် တစ်ပြိုင်တည်းကျင်းပကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မြို့လုံးကျွတ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့မရပ်ကွက်အလိုက် ပြည်သူများက မြို့နယ်ကျန်းမာရေးအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်းပြီး ခြင်၊ ယင်ပေါက်ပွားနိုင်သောရေအိုး၊ ရေစည်နှင့် ပန်းအိုးများအား စစ်ဆေးခြင်း၊ ရေလဲလှယ်ပေးခြင်း၊ ပိတ်ဆို့ရေမြောင်း တူးဖော်ခြင်းနှင့် နေအိမ် ပတ်ဝန်းကျင် ပေါင်းမြက်အမှိုက်များကို စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ကြသည်။**(အောက်ပုံ)** **(ဝ၉၇)**

ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် အမှိုက်များဆယ်တင် ရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ဈေးသူဈေးသားများ စုပေါင်း၍ မြို့မဈေး၌ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းဦးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

မေ ၁၄ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တောင်ငူတက္ကသိုလ်သွားလမ်းကို မူလ ကတ္တရာလမ်း အကျယ် ၁၂ပေမှ တစ်ဖက်လျှင် သုံးပေစီတိုးချဲ့ဖောက်လုပ် ရန်အတွက် ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်း၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အင်ဂျင်နီယာမှူး ဦးငွေညွှန့်တို့က ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးလက်ဒေသများအတွက် စက်ရေတွင်းများလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ်၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြသည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလ ကြီးမားခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းစသည့် ရေအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)၊ ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၃၆(ဂျေ)၊ မြေကွက်အမှတ် ၁၁၃(အေ)/၈–အေ ၊ မြေဧရိယာ ၀ ဒသမ ၁၂၃ဧကရှိ မြေပိုင်မြေအမျိုးအစားနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၉၉/ဘီ) ဟု ခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ဖုန်း–၅၅၂၉၃၈ အပါအဝင်။

၂။ ရန်ကုန်တိုင်း၊လမ်းမတော်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၂–ဝိုင်–၂၊ မြေကွက်အမှတ် ၁၆၈၊ ဧရိယာ ၀ ဒသမ ၀၂၁ ဧကရှိ မြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၄၉၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော ရှစ်ထပ်တိုက်တစ်လုံး။

၃။ အမှတ်၅၉/၆၁ (လေးထပ်/ဝဲ) [အပေါ်ဆုံးထပ်၊ ၅၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော တိုက်ခန်း]

၄။ တိုယိုတာမတ်တူး ၉က/၄၇၄၃

အထက်ဖော်ပြပါ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများသည် ကျွန်တော် ဦးမြသန်း ရွှေကြီးမင်း ရွှေဆိုင်ပိုင်ရှင် (အမှတ် ၅၂၀၊ အခန်း ၂၊ မြေညီထပ်၊ မဟာဗန္ဓုလလမ်း)၏ လုပ်ငန်းမှ ရရှိသောဝင်ငွေများဖြင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်ပါသည်။

ပစ္စည်းများကို ဝယ်ယူရာတွင် သမီးအငယ်ဆုံးဖြစ်သူ ဒေါက်တာမိုးကေသီ(ခ) ခင်မိုးမိုးခိုင် အမည်ဖြင့် အမည်ငှားစနစ်ကျင့်သုံးကာ ဝယ်ယူထားခြင်းဖြစ်၍ ကျွန်တော်သာလျှင် အမှန်တကယ်ပိုင်ရှင်ဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါပစ္စည်းများနှင့်စပ်လျဉ်း၍ တစ်နည်းနည်းလွှဲပြောင်းခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက လွှဲပြောင်းသူနှင့်လက်ခံသူများ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြသန်း (ရွှေကြီးမင်းရွှေဆိုင်)။

သတိပေး တားမြစ်ခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ တိုက် ၂၊ အခန်း ၃၉ (၅–လွှာ)သည် အဘွား ဒေါ်တင်ရီ ၁၂/ဗဟန(နိုင်)၀၄၉၇၇၃ ငွေကြေးဖြင့် အမည်ငှားစနစ်အရ ဝယ်ယူခဲ့သော အိမ်ခန်းဖြစ်ရာ ၂၀–၂–၂၀၀၄ အဘွား ကွယ်လွန်ပြီးချိန်တွင် မြေးများဖြစ်သော အောင်မြတ်သူ၊ ဇွန်ပွင့်၊ သဇင်အောင်တို့လည်း (အမွေမမီမြေး) အခွင့်အရေးအရ ပိုင်ခွင့်ရှိသည့်ဖြစ်သောကြောင့် ၎င်းတို့မသိရှိ၊ သဘောမတူဘဲ ရောင်း၊ ပေါင်၊ ဝယ်၊ ငှား၊ လွှဲပြောင်းခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက မိမိတို့၏ တာဝန်ဖြစ်လိမ့်မည်ဖြစ်ကြောင်း အသိပေး တားမြစ်အပ်ပါသည်။ အခြားအတွင်းပစ္စည်း အရပ်ရပ်လည်း ပါဝင်သည်။

ညွှန်ကြားချက်အရ–

ဦးစန်းဝင်း (အထက်တန်းရှေ့နေ)

၁၂၄/အခန်း–၁၀၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်။

မွေးနေ့ဆုမွန်

နေခြည်ရဲ့ (၂၄) နှစ်မြောက် မွေးနေ့မှသည် ရာသက်ပန် ပျော်ရွှင်နိုင်ပါစေ။ **ကိုကိုကြီး။**

အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့

အကြောင်းကြားစာ

တရားမကျင့်ထုံး ဥပဒေ၊ အမိန့်–၄၁၊ နည်းဥပဒေ–၁၄ နှင့် ပုဒ်မ ၁၁၅

တရားရုံးချုပ် ရန်ကုန်မြို့

၂၀၀၄ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၁၀၉

ဦးသန်းဌေး နှင့် ဒေါ်စန်းစန်းမြင့် ပါ+၂

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက် နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ် ၂၉၉/၂၀၀၃ ၏ ဒီကရီမှ အယူခံမှုလျှောက်လွှာနှင့် ပတ်သက်၍ ကွမ်းခြံကုန်းကျေးရွာ ဘုရားကုန်းကျေးရွာအုပ်စု သန်လျင်မြို့နယ်(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ အယူခံတရားပြိုင် ဒေါ်စန်းစန်းမြင့် သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏ ဒီကရီမှ အယူခံ လျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးသိန်းထွန်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၀၄ ခုနှစ် ဇွန်လ ၂၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဤရုံးက ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏ တရားရုံးချုပ်ရှေ့နေက ဖြစ်စေ၊ သို့မဟုတ် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏ မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ ခုနှစ် မေလ ၂၀ ရက်နေ့တွင် တံဆိပ်ရိုက်နှိပ်သည်။

ဒေါ်စုငယ်

လက်ထောက်ညွှန်ကြားရေးမှူး

တရားမဌာနခွဲ–၃၊ ဌာနစု–၄

တရားရုံးချုပ် ရန်ကုန်မြို့။



အမည်ပြောင်း

ဦးကျော်နိုင်ဦး၏ သားများဖြစ်သော အထက(၂)ကမာရွတ်နဝမတန်းမှမောင်ရဲဇာနည်မောင်အား**မောင်ရဲကျော်အောင်**ဟုလည်းကောင်း၊လှိုင်မြို့နယ်အလက(၇) စတုတ္ထတန်းမှမောင်စိုးသူရအောင်အား **မောင်သူရဇော်**ဟုပြောင်းလဲခေါ်ပါရန်။

သမီး သီသီ ၁၂/ကတတ(နိုင်)၀၀၃၆၇၅ သိစေရန်

သမီး ပျောက်ဆုံးနေသည့်အတွက် ပါပါနှင့်တကွ မိသားစုအားလုံး စိတ်ပူနေကြပါသည်။ ပါပါနှင့် အမြန်ဆုံးဆက်သွယ်ပါ။ သမီး စိတ်ချမ်းသာအောင် ပါပါအားလုံးနှင့် ညှိနှိုင်းပေးပါမည်။ သီသီအား လက်ခံထားသူများအား ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးကျော်သောင်း

၁၂/ကတတ(နိုင်)၀၁၇၀၁၁

ဖုန်း–၇၀၁၂၀၅၊ ဖုန်း–၂၄၃၁၅၆၊

ဖုန်း–၂၈၄၇၆၇

အမည်ပြောင်း

အဖဦးစိုးနောင် သမီးနှင့်သား အ–လ–က (၁၀)တောင်ဥက္ကလာပမြို့သစ် မ/ဥက္ကလာပ သတ္တမတန်း (A)မှ မသိမ့်သန္တာစိုးအား မဇင်လှိုင်နှင်းနှင့် ပဉ္စမတန်း(B)မှ မောင်ဖြိုးတေဇာနောင်အား မောင်ကောင်းဇင်းဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မဇင်လှိုင်နှင်း** **မောင်ကောင်းဇင်းဟိန်း**



ပြင်ဆင်ဖတ်ရှုပါရန် ၂၆–၅–၂၀၀၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာ (စာမျက်နှာ–၁၇)တွင် ပါရှိသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် ၂၁/၀၄တွင် စဉ်(က) ရာထူး– အလုပ်ရုံခွဲမှူးအစား အလုပ်ရုံခွဲမှူး၊ (စက်မှု)နှင့် စဉ်(ခ) ရာထူး– အလုပ်ရုံခွဲမှူးအစား အလုပ်ရုံခွဲမှူး (ဓာတု)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကုန်အမှတ်တံဆိပ်တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက် ၁၂၃ လမ်း၊ အမှတ် ၂၃၊ သုံးလွှာနေ ဦးထွန်းထွန်းဦးသည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို (မိုး)ကလေးဝတ်အချုပ်ထည် အမျိုးမျိုးဖြန့်ချိရောင်းချရာတွင် တစ်ဦးတည်းမူပိုင် အသုံးပြုရန်အတွက် ရန်ကုန်မြို့ရှိ စာချုပ် စာတမ်း မှတ်ပုံတင်ရုံးတွင် ၄/၈၈၆ ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါကုန်အမှတ်တံဆိပ်အား တုပခြင်း၊ ဆင်တူယိုးမှား ပြုလုပ်ခြင်း တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း၊ လုပ်ကိုင်ဆောင်ရွက် အသုံးပြုနေသူများအား တွေ့ရှိပါက မိမိအကျိုးစီးပွား ထိခိုက်နစ်နာမှုအတွက် တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး၏ ညွှန်ကြားချက်အရ –

ဒေါ်သန်းရီ

ဥပဒေအကျိုးဆောင်။

မေ၃၀ရက်က လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ငွေ ပေးအပ်ပွဲကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ရဲတပ်ဖွဲ့ဝင်မိသားစု၏ သားသမီးများဖြစ်သည့် ကျောင်းသား ကျောင်းသူ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ၁၄၉ ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၆၉၇၀၀ ကို မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဉာဏ်ဝင်းက စခန်းမှူး ရဲအုပ်ခင်မောင်သွင်သို့ ပေးအပ်စဉ်။(က–ပ)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၃

၂၀၀၄–၂၀၀၅ ပညာသင်နှစ် စမ်းချောင်းမြို့နယ်ရှိ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို အထက(၂) စံပယ်ခန်းမ၌ မေ ၃၁ ရက်က ကျင်းပသည်။

ရွှေပြည်သာမြို့နယ်အဆင့်ကျောင်းနေ အရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင်(၁) ဒုတိယ ရဲမှူး ဦးအောင်သိန်းမောင်က အမှာစကား ပြောကြားပြီး **(အောက်ပုံ)** မြို့နယ် ပညာရေးမှူး ဦးဝင်းမော်က မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ဆောင်ရွက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အလှူရှင်များ၏ လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အစီအစဉ်အရ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့်အဝတ်အထည်များကို ကျောင်းအလိုက် တာဝန်ရှိသူများအား ပေးအပ်ကြကြောင်း သိရသည်။ **(၁၂၉)**

အိုလံပစ်နေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် (၂၅)မိနစ်အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲ(Rapid Chess)ကို ဇွန် ၂၅ ရက်မှ ၂၇ ရက် အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ကွင်း)တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများကို အကြီးတန်းနှင့်အငယ်တန်း ပြိုင်ပွဲနှစ်မျိုးကျင်းပသွားမည်ဖြစ်ပြီး အကြီးတန်းပြိုင်ပွဲတွင် မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး အငယ်တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှကျင်းပခဲ့သည့်ပြိုင်ပွဲများတွင် ဆုမရရှိဖူးသေးသူများ၊ အမျိုးသမီးများနှင့်အသက် (၁၆)နှစ်အောက် လူငယ်များပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။ ပြိုင်ပွဲများတွင် ဆုကြေးငွေများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ပြီး ယှဉ်ပြိုင်ကြမည့်အားကစားသမားများသည် ဇွန် ၂၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ကွင်း)သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲကျင်းပ

ရန်ကုန် ဇွန် ၃

စစ်ကိုင်းတိုင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မြ အနီးကပ်ကြီးကြပ်၍ပြုလုပ်သော ခရိုင်အဆင့်စံပြရဲနှင့်ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲကို မေ ၁ ရက်က မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စာမေးပွဲဝင်ရောက်ဖြေဆိုသူ အရာရှိ ၃၆ ဦးနှင့်အခြားအဆင့် ၈၂ ဦးတို့ ပါဝင်ဖြေဆိုကြကြောင်း သိရသည်။ **(၃၂၃)**

ရန်ကုန် မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ ၂၀၀၄–၂၀၀၅ ခုနှစ် တပ်ဖွဲ့ဝင်များ၊ စာရေးများ၏ သားသမီးများအား ပညာသင် စရိတ်ပေးအပ်ပွဲကို မေ ၃၁ရက်က အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကံလှိုင်က ပညာသင်စရိတ် ထောက်ပံ့ကြေးငွေများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ် ရှစ်မြို့နယ်မှ မြို့နယ် ရဲတပ်ဖွဲ့မှူးများကို ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။**(အပေါ်ပုံ)** **(၀၄၆)**

ဦးစိန်မင်း–ဒေါ်မြသောင်း မိသားစု (ဟောင်ကောင်)မှ အလှူငွေကျပ် နှစ်သိန်းတိတိကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ(ဒေါ်ရွှေဇီးကွက်)နှင့် ပြန်ကြားရေးအဖွဲ့ခေါင်းဆောင် ဒေါ်သန်းမြင့်အောင်တို့က လက်ခံရယူစဉ်။ (က–ပ)

4-6 (16).p65 1 03/24/1905, 11:12 PM



အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၀၃- ၂၀၀၄ ဘဏ္ဍာနှစ်အတွင်း
" **မောင်ဝိတ်နှင့်မိသားစုကုမ္ပဏီလီမိတက်** " မှ
ပြည်ပသို့ ပို့ကုန်အများဆုံးတင်ပို့နိုင်သူအဖြစ်
ဆုချီးမြှင့်ခြင်းခံရသည့်အတွက်
အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ၊
လုပ်ငန်းများအစွန့်ရှည်တည်တံ့ကာ
ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း နှင့်
နိုင်ငံအကျိုးကိုလည်း သယ်ပိုးနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- Kan Baw Za Group of Co., Ltd.
- Myanmar Millenium Group Co.
- SPA / FMI Group
- Wah Wah Win International Co., Ltd.
- Htoo Trading Co., Ltd.
- Shwe Than Lwin Co., Ltd.
- Asia Winner Industrial Ltd.
- Asia World Co., Ltd.
- Hong Pang Group
- Golden Flower Co., Ltd.
- Opal International Co., Ltd.
- Asia Express Co., Ltd.
- National Land Co., Ltd.
- Benhur Trading Co., Ltd.
- Myanmar Industrial Port
- Farmer Phoyarzar Co., Ltd.
- Maykalar Development Co., Ltd.
- Grate Fame Co., Ltd.
- ဦးစိုးမြင့်နှင့်သားများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
- မလိခ သံထည်ပစ္စည်းရောင်းဝယ်ရေး
- Wider Rise Construction Group Co., Ltd.
- Hnin Wun Co., Ltd.
- Golden Green Co., Ltd.
- Ye Ta Khon Co., Ltd.
- Expo Myanmar Co., Ltd.
- Uni Grade International Co., Ltd.
- Gold Link Industrial Ltd.
- Golden Dragon 2000 Trading Co., Ltd.
- Pyi Aye & Associates
- Swiss Singapore Oversea Ent. Pte. Ltd.
- UE Trade Corporation Pte. Ltd.
- Agrocorp International Pte. Ltd.
- Myanmar Hyosung Co., Ltd.
- Jasiree Impex Pte. Ltd.
- Majuko Enterprise (s) Pte. Ltd.
- Sayani Enterprise Pte. Ltd.

လက်ထပ်ပြီးစီးခြင်း

စစ်တွေမြို့နေ ဦးရဲနိုင်အောင်(ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-
ဒေါ်ကြည်ကြည်ဝေ(ဆရာမ-ငြိမ်း) တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ရဲဝင့်နောင် B.Sc (Physics) D.S.A

နှင့်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်နေ ဦးညွန့်ရွှေ-ဒေါ်မြင့်မြင့်ဆွေတို့၏
တစ်ဦးတည်းသောသမီး၊ ဗိုလ်ကျော်သူရ တပ်မတော်(ရေ) ၏ညီမ

မရွှေစင် Final Year (History)

ကာကွယ်ရေးဝန်ကြီးဌာန၊ ငွေစာရင်းရုံး

တို့၏ ၃၀-၅-၂၀၀၄ ရက် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဇနီး ဒေါ်ခင်လှလှ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့် ဇနီးဒေါ်ခင်သီတာဦး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ သတို့သားအရန် ဗိုလ်စည်သူအောင်ထွဋ်၊ သတို့သမီးအရန် မခိုင်အိအိလင်း၊ မင်္ဂလာပန်းကြဲပေးသော မသဲနေဇာ၊ မိတ်ကပ်ကိုမာနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို Mr and Miss အဖွဲ့၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ရဲဝင့်နောင်-မရွှေစင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရှေ့ရပ်ကွက်
၉၃ လမ်း၊ အမှတ် ၁၁၅ နေ
ဦးသန်းထွန်း(လဝက)ဦးစီးအရာရှိ(ငြိမ်း)-ဒေါ်အေးအေးသန့်(ခ)ဒေါ်အုံးကျင်
တို့၏သား

မောင်သိန်းဝင်းထွန်း B.A (Hist:)
Hanseatic Shipping Co., Ltd. နှင့်
ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်
နွယ်နီ ၂ လမ်း၊ အမှတ် ၄၁၈ နေ
ဦးရှိန်-ဒေါ်သန်းဝင်း တို့၏သမီး

မကေတုလှိုင် B.A (Philo:)

တို့သည် နှစ်ဖက်မိဘများ၏ ခွင့်ပြုချက်အရ ၂၈-၅-၂၀၀၄ ရက်တွင် တွံတေးမြို့နယ်တရားသူကြီး(၁)ဦးအေးမောင်၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်သိန်းဝင်းထွန်း-မကေတုလှိုင်။



မွေးနေ့ဆုတောင်း

သားလေး ကောင်းခန့်သီဟ၏ ၄-၆-၂၀၀၄ ရက်တွင်ကျရောက်သော သုံးနှစ်မြောက်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့ ပြည့်စုံသော ဘဝတစ်ခု ပိုင်ဆိုင်နိုင်ပါစေ။

ဘိုးဘိုး၊ ဘွားဘွားများနှင့်
ဖေဖေ (ယာယီခွဲမှူး ဗိုလ်မှူး) ဗိုလ်ကြီးကျော်သီဟ၊ မေမေ မလတ်။

အမည်မှန်

မန္တလေးမြို့ အထက(၂၆) နဝမတန်း(A)မှ အဖ ဦးချင်ကို၏ သမီး မနန်းစန်းစန်းမော်၏ အမည်မှန်မှာ မစန်းစန်းမော် ဖြစ်ပါကြောင်း။

မစန်းစန်းမော်။



ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက (၆) ဒသမတန်းမှ စိုင်းခင်မောင်အေး၏ ဖခင်အမည်မှန်မှာ ဦးသန်းမောင် ဖြစ်ပါသည်။

Apstar Electronic

ဂြိုဟ်တုစလောင်း တပ်ဆင်ရေး

ဆိုင် (၁) ဖုန်း ၆၆၁၁၈၉
(၂) ဖုန်း ၆၅၃၂၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့ ၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
၂၀၀၄ ခုနှစ် မေလ ၁၅ ရက်

၁။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို ၂၀၀၄ခုနှစ်၊ ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၃ ရက်အထိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ ပြည်ပနိုင်ငံများမှ ရတနာကုန်သည်များအား ဖိတ်ကြားလျက်ရှိပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်နေသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံသားများအား သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(က) နိုင်ငံခြားမှရတနာကုန်သည်များနှင့် တွေ့ဆုံပြီး ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိစ္စများ ညှိနှိုင်းနိုင်ရန်။

(ခ) နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားမှ ကျောက်မျက်ရတနာဈေးကွက် အခြေအနေများ လေ့လာနိုင်ရန်။

(ဂ) ပြည်ပမှ ရတနာကုန်သည်များနှင့် ယှဉ်ပြိုင်၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းအားဖြင့် ကျောက်မျက်ရတနာ ရောင်းရငွေများ ပိုမိုတိုးတက်ရရှိစေရန်။

(ဃ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေဖြင့်ရောင်းချရန် လိုင်စင်ရယူထားသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအား ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်တွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ်ပေးမည်ဖြစ်ပါသည်။

၄။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာများ ရယူလိုသူများသည် ၂၀၀၄ခုနှစ် မေလ ၂၅ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက် ရတနာခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေးကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) ယုဂိုစလပ် အိမ်အမှတ်(၇) ဘီ( )နေ ဒေါ်ဆရာဆသီရှာဟီး၏ သားများဖြစ်သော မောင်နာရိုင်းရှာဟီ (ခ) မောင်လတ် ၉/မရမ(နိုင်)၀၃၇၈၃၂ နှင့် မောင်ဆုရိန်ရှာဟီး(ခ)မောင်ငွေးကျော် ၉/မရမ(နိုင်)၀၀၀၈၂၁ တို့သည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ(၂၆-၄-၂၀၀၄)ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းတို့နှင့် သက်ဆိုင်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ဆရာဆသီရှာဟီး
၉/မရမ(နိုင်)၀၅၉၇၃၄



စည်သွတ်စက်ရုံရောင်းရန်

အချိုရည်၊ သစ်သီး၊ မှိုနှင့်သားငါးစည်သွတ်လုပ်ငန်းများ အသင့်လုပ်ကိုင်နိုင်သော နိုင်ငံခြားဖြစ် စက်ပစ္စည်းများနှင့် မြေငါးဧကပေါ်ရှိ ပါဝါမီတာ၊ စက်ရုံသုံးအဆောက်အအုံများ ရောင်းရန်ရှိပါသည်။ လိုအပ်သော စက်ပစ္စည်းတစ်ခုချင်းအလိုက် ရောင်းချပေးနိုင်ပါသည်။

စက်ရုံတည်နေရာ - ရန်ကုန်- ပြည်လမ်းဘေး၊ ဝက်ပုတ်ကျေးရွာ
ပေါင်းတည်မြို့နယ်။

ဆက်သွယ်ရန်လိပ်စာ - မမွန်နီ
ဖုန်း-၀၁-၂၂၉၁၃၀၊ ၂၂၅၂၉၂
(ရုံးချိန်အတွင်း)



မှန်လုံကားရောင်းမည်

Nissan Civilian, ၆ ခ/
အားလုံးရှင်း၊ 96 model
ပွဲစားမလို၊ ဖုန်း-၅၀၀၈၇၅၊
၅၀၀၃၂၅

ဇနီးအဖြစ်မှပြတ်စဲစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး မရွှေဇင်အိ ၁၂/ဥကမ (နိုင်) ၁၀၁၁၅၄ သည် ၎င်း၏ဆန္ဒအရ ကျွန်တော်နှင့် သားသမီးနှစ်ဦးအား အကြောင်းမဲ့စွန့်ပစ်ကာ နေအိမ်မှဆင်းသွားပြီး လင်မယား နှစ်ဦးပိုင် ရွှေနှင့်ငွေကိုယူပြီး မြေနှင့်အိမ်ကိုပါရောင်းချသွားပါသည်။ ထို့ကြောင့် မရွှေဇင်အိအား ၃-၄-၂၀၀၄ ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ပါသည်။ နောက်နောင် ကျွန်တော်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

အောင်ဆန်းဦး
၁၂/ဥကမ(နိုင်) ၁၀၁၀၇၅။

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အန်လေဝှါ(ခ)ဒေါ်ဝါ
ဒါရိုက်တာ
Hundred Smiles Co., Ltd.
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ လသာလမ်း၊ အမှတ် ၁၈ (ပထမထပ်)နေ ဦးအုံရှုံပွ(ခ)ဦးပွ၏ဇနီး၊ ဦးအုံချိန်ဟိုက်၊ ဒေါ်လှလှရီ–ဦးသန်းဦး၊ ဦးအောင်စိန်လင်း(ခ)ဦးကင်း–ဒေါ်အေးမြင့်၊ ဒေါ်ခင်ခင်ဝင်း–ဦးမြထွန်း၊ ဦးအောင်စိန်ထွန်း–ဒေါ်မိမိစိုး၊ ဦးသိန်းဇော်–ဒေါ်သော်တာတို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွားသည် ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အန်လေဝှါ(ခ)ဒေါ်ဝါ
ဒါရိုက်တာ
Hundred Smiles Co., Ltd.
အသက်(၇၉)နှစ်

Hundred Smiles Co.,Ltd. ၏ဥက္ကဋ္ဌ ဦးအုံရှုံပွ(ခ)ဦးပွ၏ဇနီး၊ Multi World Trade Co.,Ltd.နှင့် Hundred Smiles Co.,Ltd. တို့၏ Board of Directorsများ ဒေါ်လှလှရီ၊ ဒေါ်ခင်ခင်ဝင်း၊ ဦးအောင်စိန်ထွန်း၊ ဦးသိန်းဇော်၊ ဦးမြထွန်း၊ ဒေါ်မိမိစိုး၊ ဒေါ်ခင်နွယ်ငွေးတို့၏မိခင်၊ ဒေါ်တင်တင်ခိုင်၏အဘွားသည် ၁–၆–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Multi World Trade Co., Ltd. နှင့်
Hundred Smiles Co., Ltd. ဝန်ထမ်းမိသားစုများ။

ရဟန်းဒါယိကာမကြီး
ဒေါ်သောင်းစိန် (ဖန်းမော်)
(အငြိမ်းစားဆရာမ)
အသက်(၇၈)နှစ်

ဖန်းမော်မြို့၊ ညောင်ပင်ရပ်(မြောက်ပိုင်း)နေ (ဦးလှဖေ – ဒေါ်လှတင်)၊ (ဦးကြည်–ဒေါ်တင်ညွန့်)၊ ရန်ကုန်မြို့နေ (ဦးကျော်လင်း–ဒေါ်သန်းညွန့်)တို့၏ညီမ၊ (ဦးသောင်းညွန့်)–ဒေါ်အမာ၊ မန္တလေးမြို့နေ ဦးသိန်းတန်–ဒေါ်မေညွန့်ကြည်၊ ဖန်းမော်မြို့နေ ဦးဇော်ဝင်း–ဒေါ်ကြူကြူကြည်၊ ဦးကျော်သောင်းဝင်း–ဒေါ်နီနီကြည်၊ (ဦးငွေးဝင်း)–ဒေါ်မိမိသိန်း၊ ရန်ကုန်မြို့နေ ဒေါ်စိုးစိုးတင့်၊ ဦးတင့်လွင်တို့၏အဒေါ်၊မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁–၆–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့်၃–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဖန်းမော်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးအောင်သန်း
တပ်ကြပ်ကြီး(အငြိမ်းစား)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၇)ရပ်ကွက်၊ဖျာပုံလမ်း၊အမှတ်၃၉၁/က နေ ဒေါ်တင်မြ၏ခင်ပွန်း၊ ဒေါ်သင်းသင်းနိုင်(အမက–၂၂၊ တောင်ဒဂုံ)၊ ဦးမြင့်စိုး–ဒေါ်ခင်လှဝေ၊ ဦးအေးသော်ဦး–ဒေါ်မြင့်မြင့်စိန်(ကြေးမုံသတင်းစာတိုက်)၊ဦးကျော်ငွေးအောင် – ဒေါ်အေးအေးသင်းတို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂–၆–၂၀၀၄ရက် ညနေ ၆း၄၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခင်အေး (ကျိုက်လတ်)
(နာရီပြင်ဆရာကြီး)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၉၉ နေ(ဦးအုန်းဖေ–ဒေါ်သန်းရင်)တို့၏သား၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ (ဦးမြညွန့်–ဒေါ်တင်ရီ)၊ (ဦးခင်ထွန်း)–ဒေါ်ထွေးတို့၏ညီ/မောင်၊ ဦးခင်လေး–(ဒေါ်ခင်ရီ)၊ (ဦးစိန်ဗိုလ်တင့်)–ဒေါ်စန်းပွင့်၊ ဦးတင်ထွန်း–ဒေါ်တိုး၊ ဦးအောင်မြိုင်–(ဒေါ်ခင်စောနိုင်)၊ ဦးထွန်းထွန်း–ဒေါ်ခင်အေး၊ (ဦးကြီးမြင့်–ဒေါ်မြမြဝင်း)၊ (ဦးခင်မောင်အုန်း)–ဒေါ်မြင့်မြင့်စန်းတို့၏အစ်ကိုသည် ၃–၆–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခင်အေး (ကျိုက်လတ်)
(နာရီပြင်ဆရာကြီး)
အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၉၉ နေ(ဦးအုန်းဖေ–ဒေါ်သန်းရင်)တို့၏သား၊ (ဒေါ်ရီရီ)၏ခင်ပွန်း၊ (ဦးအောင်မင်းထိန်)–ဒေါ်ခင်ခင်ငွေး၊ ဒေါ်သန်းစန်းဝေ၊ ဒေါ်ကြည်ကြည်စိန်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံနက္ခတ္တပညာရှင်များအဖွဲ့)၊ ဦးသာထွန်း–ဒေါ်ငယ်ထွေးမာ၊ ဦးဇော်နိုင်–ဒေါ်ခင်ညွန့်ရီ၊ ကိုအောင်ကျော်–မအေးအေး၊ ဦးခင်မောင်စိုးတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၃–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အထက်တန်းကျောင်း ဆဋ္ဌမတန်း(က)မှ ဦးအောင်သူမိုး၏သမီးဖြစ်သူ မမေသင်းခိုင်အား မဇေကရီအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဇေကရီအောင်။

ပြင်ဆင်ဖတ်ရှုပါရန်

အောင်ချမ်းသာ ထီပေါက်စဉ် သိန်း(၅၀)မင်္ဂလာစုံတွဲစနစ်မှ–
အက္ခရာလွဲ ရှေ့ဂဏန်း၅လုံးတူ၁သိန်းဆု
အက္ခရာလွဲ ရှေ့ဂဏန်း၄လုံးတူ၅သောင်းဆု
အက္ခရာလွဲ ရှေ့ဂဏန်း၃လုံးတူ၁သောင်းဆု
များကို အက္ခရာလွဲအစား အက္ခရာတူဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးသိန်းမောင် (နီလာသိန်းမောင်)
(ဘိုကလေးမြို့)
အသက်(၆၃)နှစ်

ဘိုကလေးမြို့နေ (ဦးမောင်စိန်–ဒေါ်တရုတ်မ)တို့၏သား၊ဒေါ်သန်း၏မောင်၊ ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊နိဗ္ဗာန်လမ်း၊ အမှတ် ၂ နေ ဒေါ်တင်တင်၏ခင်ပွန်း၊ ကိုကျော်စိုးဝင်း–မတင်ဇာစိုးညွန့်၊ ကိုအောင်မင်းသိန်း၊ မောင်ဇော်မင်းသိန်း၊ မောင်အောင်မျိုးမင်းတို့၏ဖခင်သည် ၃၀–၅–၂၀၀၄ရက် နံနက် ၇ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

သူရိယစာအုပ်ဆိုင်

လစဉ်ထုတ် စာအုပ်အမျိုးမျိုး၊ ဘာသာရေး၊ လူမှုရေး၊ ဘာသာ စကား၊ အဘိဓာန်စာအုပ်များနှင့် သုတ၊ ရသ စာအုပ်အမျိုးမျိုး ဝယ်ယူရရှိနိုင် ပါသည်။

အမှတ် ၂၈၊ မဟာဗောဂလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။

ရဟန်းဒါယကာကြီး
ခေါ့ကြိုင်ဝှက်(ခ)ဦးမောင်ကြိုင်
အသက်(၇၅)နှစ်

မော်လမြိုင်မြို့၊ အမှတ် ၅၉(ဘီ)၊ သီတာလမ်း၊ ရွှေတောင်ရပ်ကွက်နေ (ဦးခေါ့စိန်–ဒေါ်စွပ်လာ)တို့၏သား၊ ဒေါ်ချယ်၏ခင်ပွန်း၊ ဦးမင်းအောင်–ဒေါ်မြတ်မြတ်နွယ်၊ ဦးစောသိန်း(ကိုမောင်မောင်)–ဒေါ်စန်းစန်းရီ(မနော်) (ဇာနည်ညီနောင်ဆေးဆိုင်၊ မင်္ဂလာဈေး)၊ ဦးသက်လွင်–ဒေါ်ခင်အေးမြင့်တို့၏ဖခင်၊ မောင်ဇင်ကိုမင်း၊ မောင်အောင်ကိုမင်း၊ မောင်ပြည့်ကျော်၊ မဇင်ဇင်မင်း၊ မချိုးသိမ့်နန္ဒာ၊ မောင်ဇာနည်မောင်၊ မောင်ဇာနည်လင်းတို့၏အဘိုးသည် ၂–၆–၂၀၀၄ရက် ည ၁၀း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄–၆–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ကျုန့်တိတ်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမောင်စိန် (မော်လမြိုင်)
အသက်(၈၅)နှစ်

(ဦးရစ်–ဒေါ်မှုံ)တို့၏သား၊ ဒေါ်မြမေ၏ခင်ပွန်း၊အမှတ် ၄၆(ခ)၊တောင်ရိုးတန်းလမ်း၊ စစ်ကဲကုန်းရပ်ကွက်၊ မော်လမြိုင်မြို့နေ ဒေါ်မြစိန်–ဦးကံလှိုင်၊ ဦးတင်ရွှေ–ဒေါ်သန်းသန်းညွန့်၊ (ဦးတင်ငွေ)–ဒေါ်အေးမူခင်၊ ဒေါ်နှင်းမွန်–ဦးမြင့်ဆွေ၊ ဦးတင်ထွေး–ဒေါ်အမာတင်၊ မိမြထွေးတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃–၆–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၄း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၅–၆–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ပိန္နဲကုန်း ခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းတင် (မြင်းခြံ)
အသက်(၈၄)နှစ်

မြင်းခြံမြို့၊ အမှတ်(၇)ရပ်ကွက်၊ အိမ်အမှတ်၂၃၈နေ ဦးသန်းမောင်(ဆယ်သန်းစတိုး)၏ဇနီး၊ ဦးစိန်ပိုင်(ကျောင်းဆရာ၊ ငြိမ်း)–ဒေါ်ခင်ရီ(မြို့သာ)၊ ဦးကျော်ဆင့်(လက်ထောက်အင်ဂျင်နီယာ R.T.C မန္တလေး)–ဒေါ်စန်းမြင့်(အထပြ၊ ငြိမ်း)၊ ဒေါက်တာဦးအောင်သန်းဝင်း (မျက်စိအထူးကုဆရာဝန်ကြီး၊ ကျိုင်းတုံ)–ဒေါက်တာအမာနီ၊ ဦးသန်းထွန်းလှ(လေကြောင်းဦးစီး၊ ငြိမ်း)–ဒေါ်ရီရီဝင်း(လ/ထ စက်ရုံမှူး၊ ရေနံချက်စက်ရုံ၊ သန်လျင်)၊ ဒေါ်ခင်နှင်းဆွေ(ခ)မတူး(စာရင်းစစ်၊ငြိမ်း)တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၃၁–၅–၂၀၀၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁–၆–၂၀၀၄ရက် ညနေ ၄ နာရီတွင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးလုံးတင်
(ချစ်စရာဟိုတယ်)
အသက်(၈၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၆၄ နေ (ဒေါ်လှရီ)၏ခင်ပွန်း၊ ဦးခင်မောင်လွင်(ခ)ဝတုတ်–ဒေါ်သွယ်သွယ်၊ ဦးမောင်မောင်လွင်–မတင်စန်း၊ကိုမျိုးနိုင်–မအေးအေးလွင်၊ ဒေါက်တာခင်အေးလွင်၊ကိုညီညီလွင်–မမွှေးမွှေး၊ မချိုချိုလွင်၊ ကိုကျော်ဆန်းလွင်၊ ကိုထွန်းထွန်းလွင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁–၆–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်နှင့် အမှတ် ၆၄၆၊ မဟာဗန္ဓုလလမ်း ချစ်စရာဟိုတယ်တို့မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သီတာ
(အလက–၃၊ ရွှေပြည်သာ)
အသက်(၄၀)

ပင်းတယမြို့၊ ဆင်ခေါင်းရပ်နေ (ဦးခွန်စော)၏မြေး၊ ဦးဘုန်းမြင့်–ဒေါ်မေဝင်းတို့၏သမီး၊ (ဦးကံစိန်–ဒေါ်တင်ရွှေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အင်းစိန်၊ တောင်သူကုန်းနေ ဦးထူး–(ဒေါ်မြသန်းကြည်)၊ ဦးကြည်ခင်–ဒေါ်ညွန့်ရီတို့၏တူမ၊ ပင်းတယမြို့နေ ဒေါ်ညွန့်ရီစော၊ ဒေါ်မြခက်၊ ဦးတင်မောင်ဝင်း–ဒေါ်ခင်ညိုစော၊ ဦးကျော်စိုး–ဒေါ်ခင်မြမူ၊ ဦးဘုန်းတင့်–ဒေါ်သန်းသန်းအေး၊ ဦးဘုန်းဝေ–ဒေါ်စန်းရီ၊ ဦးဝင်းမောင်–ဒေါ်မေသင်း၊ ဦးသီဟ–ဒေါ်မေနှင်း၊ ဦးကျော်တင့်–ဒေါ်နန်းခမ်းအေး၊ ဦးမောင်မောင်ကြည်–ဒေါ်မေထူးတို့၏တူမ၊ ကိုထွန်းဦး၊ မနွေနွေမြင့်၊ ကိုသိန်းနိုင်–မအေးအေးမွန်တို့၏အစ်မ၊ (ဦးမြင့်သန်း)၊ ဒေါ်မြင့်မြင့်စိန်တို့၏ညီမ၊ မချောသက်သက်ထွန်း၏မိခင်၊ ဦးသန်းထွန်း၏ဇနီးသည် ၃၁–၅–၂၀၀၄ရက်တွင် အမှတ် ၉၇၉(ဘီ)၊ အောင်မင်္ဂလာလမ်း၊ရွာမအရှေ့၊အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်သိန်းမေ
အသက်(၇၉)နှစ်

ရွှေကူမြို့၊ မင်းကုန်းရပ်(ဦးချစ်မောင်)၏ဇနီး၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်နေ ဦးတင်မောင်ဝင်း–ဒေါ်ညိုညိုသိန်း(ဆားတောင်–မန်း ကားဂိတ်)၊ မန္တလေးမြို့၊ အောင်တော်မူရပ်နေ ရဲမှူးခင်မောင်မောင်လွင်(ပဲခူးတိုင်းရဲတပ်ဖွဲ့)–ဒေါ်ပိုပိုသိန်း၊ ဒုရဲမှူးသန်းနိုင်(တနင်္သာရီတိုင်းရဲတပ်ဖွဲ့)–ဒေါ်ဆွေဆွေမျိုး၊ ရွှေကူမြို့၊ မင်းကုန်းရပ်နေ ဦးကျော်သိန်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်)–ဒေါ်စန္ဒာအေး၊ ဦးသက်နိုင်ထွန်း–ဒေါ်ဥမ္မာဦး၊ ရဲအုပ် ကြူကြူခင်(ချမ်းမြသာစည်မြို့နယ်၊ မူခင်းမှတ်တမ်းရုံး)၏မိခင်၊ မြေး ၁၈ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၃–၆–၂၀၀၄ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ မန္တလေးမြို့၊ ၆၃ လမ်း၊ ၂၈ X ၂၉လမ်းကြား၊ အောင်တော်မူရပ်နေအိမ်မှ ၄–၆–၂၀၀၄ရက် ညနေ ၃း၃၀ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊တန်ဆောင်းဒါယကာကြီး
ဦးခင်မောင်ဦး (မန္တလေး)
(နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)
အသက်(၇၇)နှစ်

မန္တလေးမြို့နေ (ဦးဘရှင်–ဒေါ်စိမ်းရင်)တို့၏သားကြီး၊ (ဦးကျင်ဖိုင်–ဒေါ်တင်တင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် ၂၉ နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးမောင်မောင်တာ–ဒေါ်ခင်မြင့်မြင့်ဦး၊ ဦးရန်နိုင်စိုး–ဒေါ်ခင်စန္ဒာဦး၊ မခင်ယမင်းဦး၊ ကိုအံ့မော်ဦး–မခင်အိရွှေစင်ဦး(ကမ္ဘောဇဘဏ်လီမိတက်၊ ကတ်ဌာန)တို့၏ဖခင်၊ မောင်သက်ပိုင်စိုး၏အဘိုးသည် ၂–၆–၂၀၀၄ရက် နံနက် ၉ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄–၆–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်ရီ (ပုသိမ်)
အသက်(၇၃)နှစ်

ပုသိမ်မြို့၊ဘန့်ဘွေးကုန်းလမ်း၊အမှတ်(၁)နေ (ဦးအဒူဂရင်–ဒေါ်ညွန့်)တို့၏သမီး၊ [ဦးလှမောင်(ခ)ဦးခွေးလေး]၏ဇနီး၊ ကိုမောင်မောင်ကြီး–မသန်းသန်းနု၊ မသင်းသင်းနိုင်၊ မောင်သက်နိုင်၊ မနှင်းယုဝေ၊ မစန္ဒာထွေး၊ မသူဇာမြင့်၊ မောင်မိုးကျော်အောင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၆–၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် သစ်ညိုကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးအေး
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ (၁၀) ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၅၈၀ နေ ဦးအုန်းသောင်[အဆောက်အအုံဖိုမင်၊ အငြိမ်းစား၊ ဥက္ကလာပစေတီဂေါပက၊ (Director) ဖိုးလမင်း ဆောက်လုပ်ရေး]၏ဇနီး၊ (ဦးဖိုးကျော်–ဒေါ်အေးမယ်)တို့၏သမီး၊ ဦးကျော်မိုး–ဒေါ်သင်းသင်းစိုး၊ ဦးနေမျိုးအောင်(ခ)ဦးထိန်လင်း–ဒေါ်သက်နှင်းဆွေ၊ဒေါ်သီရိခိုင်–ဦးကျော်သူရ၊ မချောစုလှိုင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ (ဦးတင်ဦး)–ဒေါ်မြင့်ကြည်၊ ဦးညွန့်မောင်–ဒေါ်တင်တင်မူ၊ ဒေါ်စန်းကြည်–ဦးတင်သန်း၊ (ဦးလှမြင့်)–ဒေါ်ခင်ပြုံးတို့၏ညီမသည် ၃–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၄း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအုန်းမောင် (နတ်တလင်း)
(သမဝါယမဦးစီးဌာန၊ ငြိမ်း)
အသက်(၈၉)နှစ်

နတ်တလင်းမြို့၊ ဇီးကုန်းကလေးအပြင်လမ်း၊ အမှတ် ၁၈ နေ ဒေါ်ကံ၏ခင်ပွန်း၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၄၇၇ နေ ဦးအေးကို(မြန်မာကိုင်ဒို)–ဒေါ်မြင့်မြင့်(ကုန်သွယ်ရေးဦးစီး၊ ငြိမ်း)၊ ဒေါ်ခင်ဆင့် (မြို့ပြဆိပ်ကမ်း၊ ငြိမ်း)၊ ဦးသန်းဆွေ(မြို့ပြဆိပ်ကမ်း)–ဒေါ်သန်းတို့၏ဖခင်၊ မောင်လှိုင်မြင့်(မြစ်မဟာကုမ္ပဏီ)၊ မောင်ညီဖြိုး(ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများဦးစီးဌာန)၊ မောင်ရဲနိုင်၊ မလေးမွန်နွယ်၊ မမြတ်သဇင်တို့၏အဘိုးသည် ၂–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဒဂုံမြောက်ပိုင်းနေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြစိန်
(မော်လမြိုင်၊ မိဂလုံ)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ခွန်နီ ၂ လမ်း၊ အမှတ် ၉၆ နေ (ဦးချစ်ဖေ–ဒေါ်ကျော့မေ)တို့၏သမီး၊ (ဦးရွှေသိန်း)၏ဇနီး၊ (ဦးသိန်း)–ဒေါ်ရွှေသင်၊ဦးကျော်ဒွန်း–(ဒေါ်ခင်ညွန့်)တို့၏ညီမ၊ ဦးသန်းထွန်း (ဒု–အင်ဂျင်နီယာမှူးကြီး၊ လျှပ်စစ်)–ဒေါ်ညွန့်သန်းတို့၏မိခင်၊ ဗိုလ်ကြီးဉာဏ်လင်းထွန်း–မစန္ဒာဇော်ဝင်း၊ မောင်သန်းထွဋ်အောင်၊ မောင်ကျော်မျိုးခိုင်တို့၏ အဘွားသည် ၂–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၁၁း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်
အလှူ့ဒါယကာ
ဦးချမ်းလှိုင် (မြိတ်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ဝင်ဒါမီယာ အောင်မင်းခေါင် ဘုရားလမ်း၊ အမှတ် ၃၁ နေ (ဦးသော်ဇင်–ဒေါ်တင်)တို့၏သား၊ (ဦးကူဝါ–ဒေါ်အေးမေ)တို့၏သားသမက်၊ ဒေါ်သန်းဆွေ၏ခင်ပွန်း၊ ဦးမျိုးလွင်–ဒေါ်မူမူ၊ Dr.အောင်စိုး–(ဒေါ်ငွေးငွေးဝေ)၊ (မောင်မျိုးအောင်)တို့၏ဖခင်၊ ဦးထွန်းအောင်–ဒေါ်ကြည်၊ ဦးယုတင်–(ဒေါ်ရှုကြင်)၊ (ဦးထွန်းမင်း)–ဒေါ်မြသန်း၊ (ဦးကြင်ဝမ်)–ဒေါ်ကြည်ညွန့်တို့၏အစ်ကို၊ မောင်ဇေယျာထွန်း၊ (မောင်မင်းသုခိုင်)၊ မောင်ခိုင်စိုးဟိန်း၊ မောင်အောင်ကိုမျိုးတို့၏ အဘိုးသည် ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်အောင်နိုင်လင်း(ခ) လင်းလင်း
(History) M.I.P.L
အသက်(၂၃)နှစ်

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ (၇၀၀)ကွက်သစ်၊ ရန်ကင်း(၁)လမ်းနေ ဦးအောင်သိန်း–(ဒေါ်အေးရီ)၊ (ဦးမောင်လေး–ဒေါ်အုံးညွန့်)၊ ဦးသန်းစိုး–ဒေါ်သန်းသန်းအေး၊ ဦးညွန့်ထွန်း (မြန်မာ့မီးရထား)–ဒေါ်သန်းထွေး၊ ဦးသန်းအောင်(မြန်မာနိုင်ငံရဲတပ်ဖွဲ့)၊ ဦးအောင်မြင့်–ဒေါ်စန်းမြင့်(မြဝတီဘဏ်)၊ ဦးစိုးတင့်–ဒေါ်အေးအေးကြူ၊ ဒေါ်ငွေးငွေးအောင်(JATဟင်္သာတ)တို့၏တူ၊မောင်မျိုးမင်းကို၊ မောင်လှမျိုးထက်တို့၏အစ်ကိုကြီး၊ ကျွန်းရွှေမြိုင် ၁၁ လမ်း၊ အမှတ် ၇၈၇–ခ၊ ဒဂုံတောင်နေ ဦးစန်းမောင်(M.I.P.L) – (ဒေါ်လှလှမြင့်)၊ ဒေါ်သန်းသန်းအေးတို့၏သားကြီးသည် ၃၁–၅–၂၀၀၄ရက် (တနင်္လာနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂–၆–၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
အရှင်ပညာနန္ဒ (သာသနဓဇမ္မာစရိယ) (မြောင်းမြ)
သက်တော်(၄၈)နှစ်၊ သိက္ခာတော်(၂၈)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ သွေးဆေးကန်တိုက် တောင်ငူကျောင်းတိုက်၌ သီတင်းသုံးတော်မူသော အရှင်ပညာနန္ဒ(မြောင်းမြ)သည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၁၃ရက် (၃၁–၅–၂၀၀၄ရက်) တနင်္လာနေ့ ညနေ ၃း၄၀ နာရီတွင် ရန်ကုန်မြို့ ဗဟိုရိစည်အထူးကုဆေးခန်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၂ ရက် (၄–၆–၂၀၀၄ရက်) သောကြာနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနသဘင် ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ဒါယိကာမတို့နှင့်အသင်းသူအသင်းသားများအား အကြောင်းကြားအသိပေးအပ်ပါသည်။ (ဗဟန်းမြို့နယ်၊အာဇာနည်လမ်း၊ ဘီအိုစီ ပိဋကတ်တိုက်ကျောင်းရှေ့မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဘုရားဒါယကာကြီး
အန်ရှုတ်စန်း(ခ)ဦးရွှေဝင်း
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅ လမ်း၊ အမှတ် ၆၀(မြေညီထပ်)နေ ဒေါ်ကျင်မွေး၏ခင်ပွန်း၊ (ဦးအောင်ရွှေထွန်း–ဒေါ်ကြည်)တို့၏ညီ၊ ဦးမောင်မောင်–ဒေါ်ဝမ်းခင်တို့၏အစ်ကို[အဘား(ခ)ကိုကောက်]၊ ကိုအောင်ကြည်ဝင်း–မလှလှမြင့်၊ ကိုမောင်ခင်–မကြူကြူ၊ မလှသန်း–ကိုစိုးလှိုင်၊ ကိုစိန်းငွေးတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြည်
(ညောင်တုန်း၊ချောင်းကြီး)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ဗဟိုလမ်း၊ အမှတ် ၂၇၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်နေ (ဦးစောလှိုင်–ဒေါ်အုန်းပွင့်)တို့၏သမီး၊ (ဦးကျော်ညွန့်)၏ဇနီး၊ ကိုလှဆိုင်(ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေး) – မညိုညိုမာ၊ ကိုမြင့်လှိုင်–မနုနုဝင်း၊ မသန်းသန်းငွေး၊ ကိုစိုးတင့်–မသန်းသန်းအေး၊ ကိုသန်းညွန့်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစိန်မောင် (ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၆၉၄၊ မင်္ဂလာသီရိလမ်း၊ နံ့သာကုန်းရပ်ကွက်နေ ဒေါ်ခင်ဆွေ (MPF)၏ခင်ပွန်း၊ ဦးနေလင်း(ရုံးအုပ်၊ ကကထွေ)–မမြင့်မြင့်နိုင်(ကောင်းထက်အထည်ဆိုင်၊ အင်းစိန်)၊ ဗိုလ်ကြီးဝေလင်း(ကကကြည်း၊ စီမံ) – ဒေါ်ဆွေဆွေတင်(ဒု–လဝကမှူး၊ မြောက်ပိုင်းခရိုင်)၊ (မဆွေဆွေထွန်း)တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၃–၆–၂၀၀၄ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅–၆–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးသိန်းညွန့်
(Reggie Kyaw Nyunt)(ခ)
ကိုတွတ်
(ဆေးမှူးချုပ်၊ အားကစားဝန်ကြီးဌာန)
အသက်(၅၉)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးကျော်ညွန့်)–ဒေါ်ခင်သိန်းတို့၏သားလတ်၊(ဦးမြမင်း–ဒေါ်ကြင်ဟုတ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ တိုက် ၃၊ အခန်း ၂၊ အား/ကာအိမ်ရာဝင်း၊ သုဝဏ္ဏနေ ဒေါ်တင်တင်လှိုင်၏ခင်ပွန်း၊ ဦးကျော်စွာသိန်းညွန့် – ဒေါ်စန္ဒာဝင်း၊ မမြဇာခြည်လှိုင်(Air Mandalay)တို့၏ဖခင်၊ မမေမဒီကျော်၏အဘိုးသည် ၂–၆–၂၀၀၄ရက် ည ၉း၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ရက်(သောကြာနေ့) ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်အေးကြည်
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
ဗိုလ်ချုပ်အမက(ဒေးဒရဲ)
အသက်(၈၅)နှစ်

ဒေးဒရဲမြို့၊ အမှတ် ၇၄၊ ပြည်တော်သာလမ်းနေ (ဦးညို–ဒေါ်သိန်းဟန်)တို့၏သမီး၊ (ဦးဘိုးအုံး–ဒေါ်မယ်ရှင်)တို့၏သမီးချွေးမ၊ ဆရာကြီး(ဦးအုန်းညွန့်)–ဒေါ်သန်းစိန်တို့၏အစ်မ၊ ဦးတင်စန်း–ဒေါ်ခင်စောလှ(GIEC)၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းမြင့်သူ(အလက–၁၊ ဒဂုံ)၊(ဦးသိန်းဖဲ)–ဒေါ်နုနုရီ၊ ဦးအောင်ခင်(ဦးစီးအရာရှိ၊ရန်ကုန်တိုင်း သ/မ)–ဒေါ်မြင့်မြင့်သန်း (ကမာရွတ် သ/မ)၊ ဦးဆွေတင်–ဒေါ်နုနုအေး(SAT ရှမ်းကန်)၊ ဒေါက်တာသိန်းဇော်–ဒေါ်သက်သက်စိုး၊ ဦးမျိုးမင်းညွန့်(AE သီပေါနယ်စပ်စည်ပင်) – ဒေါ်သင်းသင်းမွန်တို့၏ကြီးတော်၊ ဦးအောင်တင်(တရားရုံးချုပ်ရှေ့နေ)–ဒေါ်ရီရီငွေးတို့၏ အဒေါ်၊ ကိုမျိုးမြင့်–မစိုးမာမာအောင်တို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီး၊ (ဦးအောင်ညွန့်–အထပြ၊ငြိမ်း၊အထက–၁၊ ဒေးဒရဲ)၏ဇနီးသည် ၃–၆–၂၀၀၄ ရက် နံနက် ၂း၃၅ နာရီတွင် ဗဟိုရိစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၂၂၊ ဝေဠုဝန် ၃ လမ်း၊ စမ်းချောင်း နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှိုင်ကြည်(တိုက်ကြီး)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်နေ(ဦးမောင်တိုက်)၏ဇနီး၊ (ဦးအောင်လှကျော်)–ဒေါ်ကျင်အုန်းတို့၏တူမ၊(ဦးကျော်သိန်း–ဒေါ်ကျင်မြိုင်)တို့၏ညီမ၊တိုက်ကြီးမြို့နေ(ဦးသန်းမြင့်)–ဒေါ်ခင်မဲ့၊ ဦးကျော်စိန်–(ဒေါ်တင်ရီ)၊ (ဦးသိန်းလှိုင်) – ဒေါ်လှိုင်နွယ်၊ သင်္ဃန်းကျွန်းနေ ဦးစံအေး–ဒေါ်စန်းစန်း၊ အမှတ် ၅၇၀၊ သီရိရတနာ(၁)လမ်းနေ ဦးစောအောင်(ပညာရေးသုတေသနအဖွဲ့)–ဒေါ်မြင့်မြင့်ရီ၊ ဦးသန်းထွန်း– ဒေါ်မြင့်မြင့်ရီတို့၏မိခင်၊ ဦးအောင်မြင့် သူ–ဒေါ်သီတာမော်၊ ဦးနေမျိုးအောင် (ပြည်သူ့ဆောက်လုပ်ရေး၊ သန်လျင်)၊ ကိုကျော်ကျော်ထွန်း – မပြည့်ဖြိုးလှိုင်၊ (ကိုမိုးကျော်သူ)၊ မခင်ငြိမ်းသူ(ရန်ကင်းပညာရေးကောလိပ်)၊ မြေး ၁၆ ယောက်တို့၏အဘွား၊ မောင်မြင့်မြတ်ကျော်၏ဘွားဘွားကြီးသည် ၂–၆–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်လှိုင်ကြည်(တိုက်ကြီး)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်နေ(ဦးမောင်တိုက်)၏ဇနီး၊ (ဦးအောင်လှကျော်)–ဒေါ်ကျင်အုန်းတို့၏တူမ၊(ဦးကျော်သိန်း–ဒေါ်ကျင်မြိုင်)တို့၏ညီမ၊အမှတ်၅၇၀၊သီရိရတနာ(၁)လမ်းနေ ဦးစိန်ငွေး၊ ဦးစံသိန်း(ကုန်းလမ်းပို့ဆောင်ရေး)–ဒေါ်ခင်ခင်မြ၊ ဒေါ်ချိုချိုမာ (အမက–၁၀၊ လှိုင်သာယာ)၊ ဒေါ်ချိုချိုပြုံး(တပ်မတော်ဆေးတက္ကသိုလ်)တို့၏အဒေါ်၊ မြေး ခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၄–၆–၂၀၀၄ ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရေး သတ်မှတ်လုပ်ကိုင် ဒေသတာဝန်ခံများ ပြည်သူများနှင့်ပူးပေါင်းပြီး ဒေသလိုအပ်ချက်ဆောင်ရွက်

ရန်ကုန် ဇွန် ၃

မကွေးတိုင်း ပခုက္ကူမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၃၁ရက် နံနက် ၇နာရီတွင် ပခုက္ကူတက္ကသိုလ် လေးထပ်ပင်မဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း မြေကျင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ပခန်းကြီးမြို့ဟောင်းအနောက်ဘက် စာမျက်နှာ ၈ ကော်လံ ၁ ■

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

မြန်မာပြည်မြောက်ပိုင်း၌မိုးကြီးနိုင်

ရန်ကုန် ဇွန် ၃

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ကချင်ပြည်နယ်တွင်နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် ပုသိမ်မြို့၌ ၁ ဒသမ ၆၁ လက်မတို့ဖြစ်ကြကြောင်း သိရသည်။

ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ ဇွန် ၂ ရက်က ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၄ ရက်ညနေအထိ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်တွင် 'ကျေးလက်ပြည်သူတိုင်း သန့်ရှင်းသော ရေရပြီ'ဆိုင်းဘုတ်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖွင့်လှစ်ပေးပြီး ကျေးလက်ပြည်သူတို့၏ သန့်ရှင်းသော သောက်သုံးရေဖူလုံရေးလိုအပ်ချက်ကို ဤသို့ ဖြည့်ဆည်းပေးခဲ့သည်။
(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

ယူရို ၂၀၀၄ ပွဲကြိုတင်ဆက်မှု

အပြီးသတ်လူစာရင်းများထုတ်ပြန်ကြေညာ ဂျာမနီနှင့်ချက်အသင်း ခြေစမ်းပွဲ၌အနိုင်ရရှိ

ကိုထွေး–စုစည်းတင်ပြသည်

ရန်ကုန် ဇွန် ၃

၂၀၀၄ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲကျင်းပရန် ရှစ်ရက်သာလိုတော့ချိန်တွင် ဥရောပတစ်လွှား၌ ချစ်ကြည်ရေး ခြေစမ်းပွဲများဖြင့် လှုပ်ရှားသက်ဝင်နေသည်။ ယူရို ၂၀၀၄ ပြိုင်ပွဲဝင်မည့်အသင်းများအချင်းချင်း ချစ်ကြည်ရေး ခြေစမ်းပွဲများကစားကာ ကစားကွက်နှင့်နည်းဗျူဟာစမ်းသပ်ချမှတ် စာမျက်နှာ ၁၃ ကော်လံ ၁ ❒

သံတူးရှင်းမီးတောက်သည်အထိတူးမှ ရေရခဲ့သော ချောင်းဦးမြို့နယ် ယခုအခါ ကျေးရွာလုံးကျွတ် သောက်သုံးရေဖူလုံ၍ဒေသခံများဝမ်းသာ

သတင်းဆောင်းပါး – ခိုင်ရွှေလှိုင်၊ ဓာတ်ပုံ – နယ်စပ်/ စည်ပင်

ရန်ကုန် ဇွန် ၃

ချောင်းဦးမြို့နယ်သည် စစ်ကိုင်းတိုင်း မုံရွာခရိုင်တွင် တည်ရှိသည်။ ချောင်းဦးမြို့သည် မုံရွာမြို့နှင့် ၁၄ မိုင်သာကွာဝေးပြီး ချင်းတွင်းမြစ်နှင့် ခြောက်မိုင်သာကွာဝေးသည်။ မော်တော်ကားလမ်း၊ ရထားလမ်းများဆုံရာ မြို့ဖြစ်သည်။ ချင်းတွင်းမြစ်ကူး ပထမဆုံး ဆင်ဖြူရှင်တံတား ပေါ်ထွန်းပြီးနောက် ချောင်းဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းနှင့် ရေမခြား၊ မြေမခြား ဆက်သွယ်မှုကောင်းမွန်လာသဖြင့် တစ်နေ့တခြား ဖွံ့ဖြိုးစည်ပင်လာခဲ့သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ ✻

ယူရို ၂၀၀၄ပြိုင်ပွဲဝင်မည့် အင်္ဂလန်လက်ရွေးစင်ဘောလုံးအသင်းမှ အားကစားသမားများ လေ့ကျင့်ရေးစခန်း၌ ကြံ့ခိုင်မှုအတွက် အပြင်းအထန်လေ့ကျင့်လျက် ရှိသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

ဇွန် ၃ ရက်က ပြည်နယ်နှင့်တိုင်း လက်ဝှေ့ဘင်တန်ဝိတ်(ဂ) အဆင့်လက်ဝှေ့ပြိုင်ပွဲတွင် (ဝဲမှယာ) ဘိုဘိုလင်းနှင့် ဆန်းညွန့်တို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ (ယင်းပွဲတွင် ဘိုဘိုလင်းက ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသွားသည်။)
(သတင်း–၁၄) (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ချော်ရည်များသမုဒ္ဒရာထဲစီးဝင်

ဟာဝိုင်ယီမီးတောင်များ အမျိုးသား ဥယျာဉ်အတွင်းရှိ ကီလောအီ မီးတောင်မှ ချော်ရည်များ သမုဒ္ဒရာကမ်းခြေကို ဖြတ်စီးဆင်းကာ ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ စီးဝင်နေသည်ကို ဇွန် ၂ ရက်က တွေ့ရစဉ်။**(အောက်ပုံ)**
(ဓာတ်ပုံ–အင်တာနက်)

ဒိန်ခဲတုံးကောက်ပြိုင်ပွဲ

ရောမဒိန်ခဲတုံးကြီးကို ဦးခေါင်း၌ စွပ်ထားသည်ကို ဇွန် ၁ ရက်က တွေ့ရပုံ ဖြစ်သည်။
(အပေါ်ပုံ)

အင်္ဂလန်နိုင်ငံအလယ်ပိုင်း ဂလောက်ဆက်စ်တာရှိုင်းယာရှိ ကူးပါးတောင်ကုန်း၌ ၇၁ ပေါင်ရှိသော ဒိန်ခဲတုံးကြီးအား တောင်အောက်သို့ လှိမ့်ချပြီး လူများက ဒိန်ခဲတုံးကြီးနောက်သို့ မတ်စောက်သည့် တောင်စောင်းတစ်လျှောက် ဒရောသောပါး လိုက်ကောက်ရသည့် ပြိုင်ပွဲကို နှစ်စဉ် ကျင်းပလေ့ရှိသည်။ (ဓာတ်ပုံ–အင်တာနက်)